ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်၊ အင်္ဂါနေ့၊ (27-7-2010) (၆၇၂)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေးဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး * အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ မြန်မာတစ်နိုင်ငံလုံး၌ ဝါဆိုဦးကာလ ကုသိုလ်ပုညသံများဖြင့်စည်ဝေ

နေပြည်တော် ဇူလိုင် ၂၆

ယနေ့သည် မြန်မာနှစ်သက္ကရာဇ် ၁၃၇၂ ခုနှစ် ဒုတိယဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ဖြစ်သည်။ ဝါဆိုလပြည့်နေ့ကို "သန္ဓေ၊ တောထွက်၊ ဓမ္မစက်၊ နှုတ်မြွက်သံချို လဝါဆို" ဟု လည်းကောင်း၊ "သန္ဓေ တောထွက် ဓမ္မစက် တစ်ချက်ပြာဋိဟာ၊ မိန့်မြွက်အဘိဓမ္မာ၊ သံဃာအစ နွယ်တာလ" ဟူ၍လည်းကောင်း ဗုဒ္ဓ၏ ဖြစ်တော်စဉ်များ ဖြစ်ထွန်းခဲ့သောလအဖြစ် လက်ာဖွဲ့မှတ်တမ်း ပြုခဲ့ကြသည်။

ဝါဆိုလပြည့်နေ့၏ ထူးခြားသော ဗုဒ္ဓဖြစ်တော်စဉ်၊ သာသနာတော်၏ ထူးခြားသော ဖြစ်တော်စဉ်များအနက် ဗုဒ္ဓလမ်းစဉ်တော် စတင်ပေါ်ထွန်းခဲ့သည့် ဓမ္မစကြာဒေသနာတော်ကိုအထူးပြု၍ ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ဟု သတ်မှတ်ထားကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❁

အင်အားပြည့် ဆက်သွယ်ရေးကွန်ရက်ဖြန့်ကြက်မှုဖြင့် နိုင်ငံတော်သစ်ကို ပုံဖော်တည်ဆောက်နေ

သတင်းဆောင်းပါး - ဇော်ဝင်း(ကြေးမုံ) ဓာတ်ပုံမှတ်တမ်း - ကြေးမုံ အဆင်အပြင်-မင်းမင်း

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် တည်ဆောက်ရာတွင် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် အခြေခံလိုအပ်ချက်များ ပြည့်စုံကောင်းမွန်ရန် လိုအပ်သကဲ့သို့ ယနေ့ကမ္ဘာကို မျက်ခြည်မပြတ်စေရန်အတွက် ပညာရေးနှင့် ယှဉ်တွဲပေါ်ပေါက်လာသော ခေတ်မီသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများကို အစဉ်အမြဲ ထိတွေ့လေ့လာဆက်သွယ်နိုင်ရန် လိုအပ်ပေသည်။ ထို့ကြောင့်ပင် ယနေ့အချိန်အခါတွင် နိုင်ငံတော် ဖွံ့ဖြိုးမှုနှင့်အတူ ဒွန်တွဲဖြစ်တည်လာသော သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍ၏ ဖွံ့ဖြိုးတိုးတက်မှုကလည်း အံ့မခန်းဖွယ်ပင် လေ့လာတွေ့ရှိနိုင်ပါသည်။

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာခေတ်တွင် ခေတ်မီဆက်သွယ်ရေးနည်းပညာများ အခြေကျဖွံ့ဖြိုးလာစေရန်နှင့် ဆက်သွယ်ရေးပစ္စည်းများ ထုတ်လုပ်နိုင်ရန်အတွက် ရတနာပုံမြို့သစ်တွင် ရတနာပုံတယ်လီပို့ အဆောက်အအုံကို ဤသို့ တည်ဆောက်ပေးထားသည်။
(အပေါ်ပုံ)

ခေတ်စနစ်နှင့် နည်းပညာသစ်များ ပြောင်းလဲဖြစ်ထွန်းလာခဲ့ခြင်းက ဆက်သွယ်ရေးကဏ္ဍ၏ လုပ်ငန်းသဘာဝကို ပိုမိုသွက်လက်ထက်မြက်ကာ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားလာစေခဲ့သည်ကို သိသာထင်ရှားစွာ မြင့်တင်ပေးခဲ့သည်။ ၂၀ ရာစုအနှောင်းပိုင်းကာလနှင့် ၂၁ ရာစုအကူးတွင် သတင်းဆက်သွယ်ရေး နည်းပညာဖွံ့ဖြိုးမှုမှာ အဟုန်ပြင်းခဲ့သည်။ ၁၉၈၈ ခုနှစ်နောက်ပိုင်းမှ ပြောင်းလဲဖြစ်ပေါ်ခဲ့သော မြန်မာ့လူ့ဘောင်၏ လူနေမှုဟန် အပြောင်းအလဲတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍ ပြောင်းလဲတိုးတက်မှုများမှာ အထူးပင် များပြောင်လှပေသည်။

ဤသို့များပြောင်လှသည့် ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများထဲမှ စာပို့တိုက်နှင့် ကြေးနန်းဆက်သွယ်ရေးလုပ်ငန်း၏ ဖြစ်ထွန်းမှုများကို ၁၉၈၈ ခုနှစ်နှင့် နှိုင်းယှဉ်၍ လေ့လာကြည့်ရာ တွေ့ရှိရသည်များမှာ အံ့မခန်းပင်တည်း။ ၁၉၈၈ ခုနှစ်တွင် နိုင်ငံတစ်ဝန်းလုံး၌ စာတိုက်စခန်း ၁၁၁၄ ခုသာရှိခဲ့ရာမှ ယခုအခါ ၁၃၇၅ စခန်းထိ ရှိလာခဲ့ပြီဖြစ်သည်။ စာတိုက်စခန်းပေါင်း ၂၆၁ ခု တိုးတက်ဖွင့်လှစ်နိုင်ခဲ့ခြင်းပင် ဖြစ်သည်။ ထိုနည်းတူ အလားတူကာလက ကြေးနန်းရုံး

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍

ကြေးမုံ The Mirror
၂၇-၇-၂၀၁၀
(အင်္ဂါနေ့)

မိခင်နှင့်ကလေးကျန်းမာရေး တိုးမြှင့်ဖော်ဆောင် ပြည်သူလူထုအခြေပြု လက်တွဲကြိုးပမ်း

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူတစ်ရပ်လုံး အသက်ရှည် ကျန်းမာရေးကို အလေးထားသည်။ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဖော်ဆောင်လျက်ရှိရာ ကျန်းမာရေး ဝန်ကြီးဌာနနှင့်အတူ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံတကာအစိုးရမဟုတ် သော လူမှုရေးအဖွဲ့အစည်းများလည်း ပူးပေါင်းပါဝင်ကူညီလျက်ရှိသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသည် ပြည်သူ တို့၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားလာရေးလုပ်ငန်းများတွင် စေတနာ့ဝန်ထမ်း ပါဝင်ဆောင်ရွက်နေသည်။ ပြည်နယ်၊ တိုင်း၊ ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့အဆင့်ဆင့်နှင့် မြို့နယ် အသင်းများက ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုများတွင် တက်တက်ကြွကြွ ပါဝင်လှုပ်ရှားနေကြသည်။

နိုင်ငံအတွင်း နှစ်စဉ်မွေးဖွားသော ကိုယ်ဝန်ဆောင်မိခင်ပေါင်း တစ်သန်းကျော်ရှိရာ မိခင်များနှင့် မွေးကင်းစကလေးများအတွက် ကျန်းမာရေး စောင့်ရှောက်မှုများ တိုးမြှင့်ဖော်ဆောင်ပေးနေသည်။ ကျေးရွာတစ်ရွာတွင် ကျွမ်းကျင်သော သားဖွားဆရာမတစ်ဦးရှိရေး ရည်ရွယ်ပြီး သားဖွားဆရာမ များ တိုးမြှင့်မွေးထုတ်ပေးနေပြီ။ အရန်သားဖွားဆရာမများကိုလည်း ကိုယ်ဝန် ဆောင်မိခင်များနှင့် မွေးကင်းစကလေး စောင့်ရှောက်မှုဆိုင်ရာ သင်တန်း များ ပေးလျက်ရှိသည်။

ထို့အပြင် မြို့ပြနှင့်ကျေးလက်ဒေသ ကျန်းမာရေးဌာနများ၌ ကိုယ်ဝန် ဆောင်စောင့်ရှောက်မှုပညာပေးခြင်း၊ ပိုးမွှားသန့်စင်သောနည်းဖြင့် စနစ် တကျမွေးဖွားပေးခြင်း၊ မွေးပြီးမိခင်နှင့်ကလေး စောင့်ရှောက်မှုပေးခြင်းတို့ကို ဆောင်ရွက်နေကြပြီ။ ငါးနှစ်အောက်ကလေးစောင့်ရှောက်မှုပေးခြင်း၊ မိခင် နှင့်ကလေး အာဟာရဖွံ့ဖြိုးရေး ပညာပေးခြင်းနှင့် ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကိုလည်း ဦးစားပေးဖော်ဆောင်လျက်ရှိသည်။

မိခင်များကိုယ်ဝန်ဆောင်ချိန်၊ မီးဖွားစဉ်နှင့် မီးဖွားပြီးကာလများ ၌လည်း စနစ်တကျကာကွယ်စောင့်ရှောက်ပေးနေသည်။ ထို့အပြင် မျိုးပွား အင်္ဂါလမ်းကြောင်းရောဂါ၊ လိင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ ကာကွယ်ကုသပေးခြင်း၊ လူငယ်မျိုးပွားကျန်းမာရေး လုပ်ငန်းများလည်း ပါဝင် သည်။ ယခုအခါ မြန်မာနိုင်ငံရှိ ကိုယ်ဝန်ဆောင်မိခင်များ၏ လေးပုံသုံးပုံ ကျော်သည် လေ့ကျင့်ထားသော ကျန်းမာရေးဝန်ထမ်းများ၏ စနစ်တကျ စောင့်ရှောက်မှုကို ခံယူရရှိနေကြပေပြီ။

ယနေ့အချိန်အခါတွင် မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို တိုးမြှင့်ဖော်ဆောင်ပေးနေသည်။ မိခင်နှင့်ကလေးငယ်များ အပါအဝင် အသက်အရွယ်မရွေး အင်အားပြည့်ဗီတာမင်အေဆေးလုံး၊ သံဓာတ် ဆေးပြား၊ ဗီတာမင်ဘီဝမ်းဆေးပြားများ တိုက်ကျွေးခြင်း၊ အာဟာရဓာတ် ဖြည့်စွက်အစားအစာများ ထုတ်လုပ်စားသုံးစေခြင်း၊ ကာကွယ်ဆေးထိုး၊ ဆေးတိုက်ကျွေးခြင်း စသည့် လုပ်ငန်းများ၌ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာရှင်ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ပြည်သူလူထုအခြေပြု လက်တွဲညီညီ ကြိုးပမ်းသွားကြရမည် ဖြစ်ပါသည်။ ။

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အင်းယားရိပ်သာနေ ကွယ်လွန်သူ မိဘနှစ်ပါးဖြစ်သော ဆန်းဦးညွန့်-ဒေါ်မြညွန့်နှင့် ခင်ပွန်း ဦးမောင်မောင်စိုးတို့အား ရည်စူး၍ ဒေါ်ခင်ခင်သန်းနှင့် သားသမီးမြေးမြစ်တစ်စုက လေးထပ်ဘိုးဘွားဆောင်သစ်ကြီးနှင့် ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်အတွက် အလှူငွေကျပ်ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်သူ့ သဘောထား	✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။ ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။ ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။ ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကျောင်းသုံးစာရေးကိရိယာများနှင့် အလှူငွေများပေးအပ်လှူဒါန်းပွဲ တိုင်းမှူး ဗိုလ်ချုပ်လှမင်း တက်ရောက်

နေပြည်တော် ဇူလိုင် ၂၆

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမင်းသည် တာဝန်ရှိသူများလိုက်ပါ၍ ဇူလိုင် ၁၇ရက် နံနက်ပိုင်းတွင် ဒိုက်ဦးမြို့နယ် အေးသုခကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းသို့ ရောက်ရှိရာ ကျောင်းအုပ်ဆရာမကြီးက ကျောင်း၏ပညာသင်ကြားမှုနှင့် စီမံခန့်ခွဲမှု ဆိုင်ရာများ ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူးသည် ကျောင်းခန်းမ၌ ကျင်းပသော အခြေခံပညာကျောင်း ငါးကျောင်းသို့ ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အလှူရှင်က ကျောင်းသုံးစာရေးကိရိယာနှင့် ပညာရေးအလှူငွေ လှူဒါန်းမှု အခြေအနေများ ရှင်းလင်းတင်ပြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက ကျောင်းသုံး စာရေးကိရိယာများနှင့် ပညာရေးအလှူငွေများ ပေးအပ်လှူဒါန်းကြရာ အခြေခံပညာကျောင်း ငါးကျောင်းမှ သက်ဆိုင်ရာ ဆရာ၊ ဆရာမများက လက်ခံကြသည်။

ဆက်လက်၍ အလှူရှင်က အမှတ်(၂) အခြေခံပညာမူလတန်းကျောင်း ပြုပြင်မွမ်းမံခြင်းနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ရာ သက်ဆိုင်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံပြီး မြို့နယ်ပညာရေးမှူးက လှူဒါန်းမှုများအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးသည် အေးသုခကျေးရွာ အမှတ်(၂) အခြေခံ ပညာမူလတန်းကျောင်း ပြုပြင်မွမ်းမံထားရှိမှုနှင့် ပညာသင်ကြားနေမှုများကို ကြည့်ရှု စစ်ဆေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

ကော်မရှင် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

တောင်ငူ ဇူလိုင် ၂၆

တောင်ငူခရိုင် ရွေးကောက်ပွဲလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၀ ရက်က တောင်ငူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာဒေါ်မြင့်ကြည် တက်ရောက်ပြီး ကော်မရှင်လုပ်ငန်းဆိုင်ရာ ကိစ္စများ ဆွေးနွေးသည်။ ထို့နောက် ခရိုင်ကော်မရှင်အဖွဲ့နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲတို့မှ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ မဲရုံစာရင်းအခြေအနေ၊ ရပ်/ကျေး ကော်မရှင်သင်တန်း ဖွင့်လှစ်ပြီးစီးမှု စသည်တို့ကို တင်ပြဆွေးနွေးသည်။ ကော်မရှင်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို တိုင်းကော်မရှင် အတွင်းရေးမှူး ဦးကျော်စန်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်ကော်မရှင်ဥက္ကဋ္ဌ ဦးစောဌေးနှင့် အဖွဲ့ဝင်များ၊ တောင်ငူ၊ အုတ်တွင်း၊ ရေတာရှည်၊ ထန်းတပင်၊ ကျောက်ကြီး၊ ဖြူးမြို့နယ်တို့မှ ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြပြီး သက်ဆိုင်ရာမြို့နယ်များမှ ကော်မရှင်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို အသီးသီးတင်ပြ ဆွေးနွေးခဲ့ကြသည်။

(ခရိုင်ပြန်/ဆက်)

မင်္ဂလာတောင်ညွန့်စစ်မှုထမ်းဟောင်း ဂုဏ်ပြုဆုချီးမြှင့်

ရန်ကုန် ဇူလိုင် ၂၆

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ မင်္ဂလာတောင်ညွန့်မြို့နယ် စည်းရုံးရေး ကော်မတီ၏ ၂၀၀၉-၂၀၁၀ ခုနှစ် နှစ်ပတ်လည် အစည်းအဝေးနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၅ ရက်က မင်္ဂလာတောင်ညွန့် အထက(၁) ခန်းမဆောင်၌ ကျင်းပရာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည် တက်ရောက်၍ သြဝါဒ စကားပြောကြားပြီး ငါးဘာသာဂုဏ်ထူးရ မတင့်ရွှန်းခင်အား ဂုဏ်ပြုဆုချီးမြှင့် ပေးအပ်သည်။

(အပေါ်ပုံ)

ယင်းနောက် သဘာပတိ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မြင့်(ငြိမ်း)က အမှာစကား ပြောကြားပြီး အမှုဆောင်အဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာကို ဗိုလ်မှူး တင်မောင်အေး(ငြိမ်း)နှင့် ဗိုလ်ကြီး ဌေးနိုင်(ငြိမ်း)တို့က ဖတ်ကြားတင်သွင်း ခဲ့ကြောင်း သိရသည်။

(၃၂)

မြန်မာနယူးစ်ဝိခ်ဂျာနယ် ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၂၆

'လိုင်စင်မဲ့ကားများကို အခွန်စည်းကြပ်ကောက်ခံပြီး တရားဝင်လိုင်စင်ထုတ်ပေးနေပြီ'သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်စဉ်(၃၈)ကို ယနေ့ ဖြန့်ချိလိုက်သည်။

မြန်မာလုပ်သားများ ကိုရီးယားနိုင်ငံသို့ နှစ်နိုင်ငံကြား စာချုပ်ချုပ်ဆိုရန် ညှိနှိုင်း၊ သွေးစစ်သော အရင်းရှင်စနစ်နဲ့ စစ်မှန်တဲ့ပြည်ထောင်စု ထူထောင်သွားမည်ဟု ခေတ်သစ်ပြည်သူ့ပါတီမှ အထွေထွေအတွင်းရေးမှူးက ပြောဆို၊ ကုမ္ပဏီကြီးတစ်ခုက ဒဂုံအချိုရည်စက်ရုံကို လွှဲပြောင်းလုပ်ကိုင်မည်၊ နိုင်ငံတော်အတွက် လိုအပ်သည့် မြန်နှုန်းမြင့်ရထားလမ်းတည်ဆောက်ရန်လို၊ ထိုက်သင့်တဲ့အမြတ်လည်းယူပါ ဝယ်သူအဆင်ပြေအောင်လည်း လုပ်ဆောင်ပေးပါ၊ လိင်ဆွဲဆောင်မှုရှိသော Sexy ပုံစံပြင်ဆင်တတ်သူများ သတိထား၊ အိပ်ဆေးများဖျော်ထားသည့် ရေသန့်ကိုတိုက်ပြီး ရွှေထည်ပစ္စည်းများ လုယူကာ သားမယားပြုကျင့်ခဲ့သည့် အငှားယာဉ်မောင်းနှစ်ဦးကို ဖမ်းဆီးရမိ၊ ကမ္ဘာ့ရေနံစိမ်းကျဆင်း ဒေါ်လာဈေးမြင့်တက်၊ ရွှေ့ပြောင်းအလုပ်သမား မိသားစု ဘတ်ငွေ ၂၈သန်းတန် ထိုင်းထီဆုကြီးပေါက်၍ နေရပ်သို့ပြန်၊ MT.Duke သင်္ဘောမှ မြန်မာသင်္ဘောသားများ လစာမရရှိဘဲ ပြန်ခဲ့ရ၊ မြန်မာ့အထည်ချုပ်လုပ်ငန်း ပြည်ပတင်ပို့မှုအကောင်းဆုံးအခြေအနေသို့ရောက်ရှိ၊ ကျွန်းပင်စိုက်ပျိုးပါက စိုက်ပျိုးသူအား အပင်ပိုင်ဆိုင်ခွင့် စာချုပ်ချုပ်ဆိုပေးမည်၊ မြန်မာသင်္ဘောသား ၂၁ဦးပါဝင်သည့် ဓာတုဗေဒနှင့် ရေနံတင်သင်္ဘော ဆိုမာလီ ပင်လယ်ဓားပြအဖွဲ့က ပြန်လွှတ်ပေး၊ ဒေါက်တာအောင်ခင်ဆင့်ရဲ့ လူကြီးလူငယ်ကလေးသွေးလွန်တုပ်ကွေး၊ ဗုဒ္ဓမြတ်စွာဘုရားပွင့်တော်မူရာ ဗုဒ္ဓဂယာသို့ မန္တလေးမြို့မှ တိုက်ရိုက်သွားနိုင်တော့မည်၊ အမေရိကန်နှင့် တောင်ကိုရီးယား စစ်ရေးလေ့ကျင့်မှုကို မြောက်ကိုရီးယားက နျူကလီးယားလက်နက်ဖြင့် တိုက်မည်ဟု ခြိမ်းခြောက်၊ အကယ်၍ နျူကလီးယားဖြင့် တိုက်ခိုက်ခံရပါက အမေရိကန်အနေဖြင့် ကာကွယ်နိုင်ခြင်း မရှိသေးကြောင်း ပင်တဂွန်မှ အတည်ပြု၊ တရုတ်နိုင်ငံက တရုတ်(တိုင်ပေ) ဒေသသို့ တာဝေးပစ် ဒုံးကျည်အစင်း ၂၀၀၀ ချိန်ရွယ်ထားစသည့် နောက်ဆုံးရ ပြည်တွင်း၊ ပြည်ပ သတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေနေပြီ ဖြစ်သည်။ (သတင်းစဉ်)

ကျေးလက်အိမ်ရာထူထောင်ရေး အိမ်ထောင်စုအလိုက် ပျိုးပင်များဖြန့်ဝေ

ဘောလခဲ ဇူလိုင် ၂၆

ကယားပြည်နယ် ဘောလခဲမြို့နယ် သစ်တောဦးစီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျေးလက်အိမ်ရာထူထောင်ရေး တစ်အိမ်ထောင်လျှင် ကျွန်းသုံးပင်နှင့် သစ်မာပင် ၂၀ ဖြန့်ဝေစိုက်ပျိုးပွဲကို ဇူလိုင် ၅ ရက်က ဘောလခဲမြို့ ရှမ်းပိုင်းရပ်ကွက်၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးအောင်စိုးမိုးက ကျေးလက်အိမ်ရာထူထောင်ရေးလုပ်ငန်းများ ရှင်းလင်းပြောကြားပြီး အိမ်ထောင်စုပေါင်း ၅၄၀ အတွက် ကျွန်းပင် ၁၅၀၀ နှင့် သစ်မာပင် ၈၀၀ ဖြန့်ဝေပေးကာ စိုက်ပျိုးကြကြောင်း သိရသည်။ (ခရိုင်ပြန်/ဆက်)

ရေစီးရေလာကောင်းမွန်ရေး

ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး အတွင်းအပြင်ရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး ဦးရဲထွန်းဦးနှင့် ဝန်ထမ်းများ ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးမျိုးတင့် ကြီးကြပ်ဆောင်ရွက်စဉ်။

(၃၆၅)

❀ ရှေ့ဖုံးမှ

ထို့ကြောင့် ယနေ့တွင် မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ ဘုရား၊ စေတီ၊ ဘုန်းတော်ကြီးကျောင်း၊ ဓမ္မာရုံတို့၌ ဓမ္မစကြာအခါတော်နေ့ပွဲများ၊ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲများ ခြိမ့်ခြိမ့်သဲသဲကျင်းပလျက်ရှိရာ ဝါဆိုဦးကာလ ကုသိုလ်ပုညသံများ စည်ဝေလျက်ရှိသည်။

နေပြည်တော်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ဥပ္ပါတသန္တိစေတီတော် ဒုတိယအကြိမ် ဝါဆိုရွှေကြာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ၊ သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်အောင်ပွဲ အခမ်းအနားများကို နံနက် ၉နာရီတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော် လိုဏ်တော်အတွင်း၌ကျင်းပရာ နေပြည်တော် ပျဉ်းမနား မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ ဆရာတော်၊ သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များအား ရွတ်ပွားသရဇ္ဈာယ်တော်မူကြပြီး ဧည့်ပရိသတ်များက ဆရာတော်၊ သံဃာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြကာ နေပြည်တော်လယ်ဝေး ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ ဇနိန္ဒထံမှ အနုမောဒနာတရားနာယူကြ၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆီမီးပူဇော်

ဥပ္ပါတသန္တိစေတီတော် လိုဏ်တော်အတွင်း၌ နေပြည်တော်ရှိ ဝန်ကြီးဌာနရုံးများမှ ဝတ်အသင်းများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် လက်အောက်ခံတပ်ရင်း၊ တပ်ဖွဲ့များမှ ဝတ်အသင်းများ၊ နေပြည်တော်ခရိုင်နှင့် ခရိုင်အတွင်းရှိ မြို့နယ်များမှ ဝတ်အသင်းများက ဓမ္မစကြာတရားတော်အား ရွတ်ဖတ်ပူဇော်ကြပြီး အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသော ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။ ညပိုင်းတွင် ဝတ်အသင်းများက ဓမ္မစကြာပါဠိတော်ကို ရွတ်ဖတ်ပူဇော်ကြကာ စေတီတော်ကြီးအား ဆီမီး ၉၀၀၀ ဖြင့် ထွန်းညှိပူဇော်ကြသည်။

အလားတူ နေပြည်တော်ဘောဂသိဒ္ဓိရပ်ကွက်ရှိ ဓာတုစယဓာတ်ပေါင်းစု

စည်ကားလျက်ရှိ

ဝါဆိုလပြည့် ဓမ္မစကြာ အခါတော် နေ့ တွင် ဥပ္ပါတ သန္တိ စေ တီ တော် ၌ ဘုရားဖူး ပြည်သူများဖြင့် စည်ကားလျက်ရှိစဉ်။
(သတင်းစဉ်)

စေတီတော်၌ ဝါဆိုဦးသီလဆောက်တည်သူ နေပြည်တော်နေ ဝန်ထမ်းများ၊ ပတ်ဝန်းကျင်ဒေသများမှ ဘုရားဖူးများဖြင့် စည်ကားလျက်ရှိပြီး နေပြည်တော် ပျဉ်းမနားရှိ ဘုရားကိုးဆူ၊ ကိုးခန်းကြီးဘုရားနှင့် လောကမာရဇိန်ဘုရားတို့၌လည်း ဒေသနေပြည်သူများက အရုဏ်ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်းများဖြင့် ကပ်လှူခြင်း၊ သီလဆောက်တည်ခြင်း၊ ဘာဝနာတရားပွားများခြင်း စသည့် ကုသိုလ်ကောင်းမှုများ ပြုလျက်ရှိကြရာ အထူးစည်ကားလျက်ရှိသည်။

ထို့အတူ နေပြည်တော်ပျဉ်းမနား မင်္ဂလာရပ်ကွက်ရှိ ရတနာသိဒ္ဓိစာသင်တိုက်၌ စေတနာရှင်ပြည်သူများစုပေါင်း၍ ကျောင်းတိုက်ရှိ စာဖြေသံဃာတော် ၅၄ ပါးတို့အား ဆုချီးမြှင့်ဆက်ကပ်ခြင်းနှင့် သံဃာတော် ၈၈ ပါးတို့အား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းတို့ကို လည်းကောင်း၊ ကင်ပွန်းတန်း ကျေးရွာအုပ်စုရှိ ကျေးရွာများမှ စေတနာရှင်များ စုပေါင်း၍ တံတားဦးကျောင်းတိုက်ရှိ သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းတို့ကိုလည်းကောင်း ကျင်းပကြသည်။

ဆွမ်းတော်ကြီးတင်လှူ

ရန်ကုန်မြို့ သိင်္ဂုတ္တရကုန်းတော်ပေါ်ရှိ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော် (၁၃၇၂)ခုနှစ် ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ ဆွမ်းတော်ကြီးတင်လှူပွဲ အခမ်းအနားကို နံနက် ၅ နာရီတွင် စေတီတော်ရင်ပြင်တော် တောင်ဘက်ဧည့်ခံတန်ဆောင်း၌ ကျင်းပရာ မြတ်စွာဘုရားရှင်အားရည်မှန်း၍ ဆီမီး၊ အမွှေးနံ့သာများ ထွန်းညှိပူဇော်ခြင်း၊ ကိုးပါးသီလခံယူဆောက်တည်ခြင်း၊ ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆီမီး၊ အမွှေးနံ့သာ ဆက်ကပ်လှူဒါန်းခြင်းတို့ကို ဆောင်ရွက်ကြပြီး နံနက်၉နာရီခွဲတွင် ရင်ပြင်တော်ရှိ ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ စေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြကာ မွန်းလွဲပိုင်းတွင် ဘာသာရေးအသင်းအဖွဲ့များက ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ အခမ်းအနားကို ကျင်းပ၍ ဓမ္မစကြာတရားတော်အား ရွတ်ဖတ်ပူဇော်ကြသည်။

ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့တွင် ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိစဉ်။
(သတင်းစဉ်)

ရွှေပြားသင်္ကန်းကပ်လှူ

အလားတူ ဆူးလေစေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ ဆူးလေစေတီတော် ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့အခမ်းအနားကို နံနက် ၈ နာရီတွင် စေတီတော်မြောက်ဘက်မုခ် အာရုံခံတန်ဆောင်း၌ကျင်းပရာစေတီတော်ဂေါပကအဖွဲ့ဝင်များ၊ ဧည့်သည်တော်များနှင့် စေတီတော်ရုံးအဖွဲ့ဝန်ထမ်းများက ဝါဆို ရွှေကြာသင်္ကန်းတော်များဖြင့် စေတီတော်ကြီးအား လက်ယာရစ် သုံးပတ်လှည့်လည်ပူဇော်ကြ၍ ဘုရားငါးဆူတို့အား ကပ်လှူပူဇော်ကြကာ စေတီတော်ဂေါပကအဖွဲ့က ဦးဆောင်၍ စေတီတော်ရုံးအဖွဲ့ဝန်ထမ်းများ၊ ဝတ်အသင်းအဖွဲ့များက ဓမ္မစကြာသုတ်အမွှန်းနှင့် ဓမ္မစကြာသုတ်ပါဠိတော်တို့အား ရွတ်ဖတ်ပူဇော်ကြသည်။

ထို့အတူ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဂေါပကအဖွဲ့က

ကြီးမှူး၍ ဝါတွင်းတရားပွဲကို မွန်းလွဲပိုင်းတွင် စတင်ကျင်းပရာ စေတီတော်ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံကြီး၌ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ရေစကြိုဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသထံမှ ဧည့်ပရိသတ်တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်မြတ်ကို နာယူကြသည်။

စေတီတော်ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံကြီး၌ ဝါတွင်းသုံးလ အပတ်စဉ် ဥပုသ်နေ့တိုင်း သီလပေးတရားပွဲနှင့် နိဗ္ဗာန်ရောက်ကြောင်း တရားပွဲများကို ကျင်းပသွားမည်ဖြစ်သည်။

အလားတူ ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်)၏ တေရသမအကြိမ် ဝါဆိုလပြည့်ဓမ္မစကြာအခါတော်နေ့ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် စတုတ္ထအကြိမ် ဝါဆိုရွှေကြာသင်္ကန်းကပ်လှူပူဇော်ပွဲ အခမ်းအနားများကို နံနက် ၉ နာရီမှစတင်၍ ကျင်းပရာ ရှေးဦးစွာ စေတီတော်ဂေါပကအဖွဲ့က ဦးဆောင်၍ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ဘုရားဖူးပြည်သူများနှင့် အလှူရှင်များက ဝါဆိုရွှေကြာသင်္ကန်းများကို စေတီတော်မြတ်ကြီးအား လက်ယာရစ်တစ်ပတ်လှည့်လည် ပူဇော်ကြသည်။

ယင်းနောက် စေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်းများကို ကပ်လှူကြပြီး ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ရွတ်ဆိုပူဇော်

ထို့အတူ မရမ်းကုန်းမြို့နယ်ရှိ သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်တွင် ဂေါပကအဖွဲ့ကကြီးမှူး၍ ဝါဆိုလပြည့် ဓမ္မစကြာ အခါတော်နေ့ အခမ်းအနားကို မွန်းလွဲ ၁ နာရီတွင် စေတီတော်အာရုံခံတန်ဆောင်းအပေါ်ထပ်၌ ကျင်းပရာ ဓမ္မစကြာအခါတော်နေ့အကြောင်းမင်္ဂလာထောမနာစကားပြောကြားခြင်း၊ ဓမ္မစကြာသုတ်ပါဠိတော်၊ အနတ္တလက္ခဏသုတ်ပါဠိတော်တို့အား ရွတ်ဆိုပူဇော်ခြင်းများ ဆောင်ရွက်ကြသည်။

အလားတူ ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ ရွှေဘုန်းပွင့်စေတီတော် (၅၃) ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို နံနက်ပိုင်းတွင် အဆိုပါ စေတီတော်ရင်ပြင်တော်၌ ကျင်းပရာ စေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ထံမှ ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်ကြကာ ဆရာတော်သံဃာတော်များအား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့အတူ ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရားများဖြစ်ကြသော လောကချမ်းသာအဘယလာဘမုနိ၊ ကျိုက္ကစံ၊ ကျိုက္ကလို့၊ ကျိုက္ကလဲ့၊ ငါးထပ်ကြီး၊ ခြောက်ထပ်ကြီး၊ ကိုးထပ်ကြီး၊ မိုးကောင်းစေတီနှင့် ဥက္ကလာပစေတီတော်၊ ကျောက်တန်းမြို့ရှိ ကျိုက်မှော်ဝန်းရေလယ်ဘုရား၊ သန်လျင်မြို့ရှိ ကျိုက်ခေါက်စေတီတော်၊ ခရမ်းမြို့ရှိ သွန်းဘုရားကြီးအပါအဝင် တန်ခိုးကြီးဘုရား၊ ပုထိုး၊ စေတီများ၌ ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ အခမ်းအနားများကို စည်ကားသိုက်မြိုက်စွာကျင်းပခြင်း၊ ဥပုသ်သီလဆောက်တည်ကြခြင်း၊ ဒါန၊ သီလ၊ ဘာဝနာ ပွားများကြခြင်းစသည့် ကုသိုလ်ကောင်းမှုများကို သဒ္ဓါထက်သန်စွာပြုကြလျက်ရှိရာ အထူးစည်ကားလျက်ရှိသည်။
(သတင်းစဉ်)

ကျင်းပ

ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့တွင် ဥပ္ပါတသန္တိစေတီတော် ဒုတိယအကြိမ် ဝါဆိုရွှေကြာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ၊ သံဃာတော်များအား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်အောင်ပွဲအခမ်းအနားများကို နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော် လိုဏ်တော်တွင်း၌ ကျင်းပစဉ်။ (သတင်းစဉ်)

ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့တွင် ဥပ္ပါတသန္တိစေတီတော် လိုဏ်တော်တွင်း၌ ဝတ်အသင်းများက ဓမ္မစကြာတရားတော်အား ရွတ်ဖတ်ပူဇော်ကြစဉ်။
(သတင်းစဉ်)

ပစိဖိတ်သမုဒ္ဒရာဖြတ် ပလတ်စတစ်ဘူးခွံများဖြင့် တည်ဆောက်သော ရွက်လှေ ဩစတြေးလျနိုင်ငံ ဆစ်ဒနီဆိပ်ကမ်းသို့ ဆိုက်ရောက်

ဆစ်ဒနီ ဇူလိုင် ၂၆

စွန့်ပစ်ပလတ်စတစ်ဘူးခွံပေါင်း ၁၂၅၀၀ ကို ပြန်လည်အသုံးပြုတည်ဆောက်ထားသော ရွက်လှေတစ်စင်းသည် ဩစတြေးလျနိုင်ငံ ဆစ်ဒနီဆိပ်ကမ်းသို့ တနင်္လာနေ့က ဆိုက်ရောက်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ပလတ်စတစ်စွန့်ပစ်မှု၏နောက်ဆက်တွဲ ဆိုးကျိုးများကို အများပြည်သူကို ပိုမိုအသိပေးနိုင်ရန် ရည်ရွယ်စီစဉ်ခဲ့သော ခရီးစဉ်အတွင်း ပလတ်စတစ်ဘူးရွက်လှေသည် ပစိဖိတ်သမုဒ္ဒရာကို လေးလကြာမျှ ခက်ခက်ခဲခဲ ဖြတ်သန်းခဲ့ရသည်။

ပစိဖိတ်သမုဒ္ဒရာအတွင်း ရေမိုင် ၈၀၀၀ ကျော်မျှကို ဖြတ်ကျော်ခရီးနှင်စဉ် ယင်း ပလတ်စတစ် ရွက်လှေငယ်သည် ဆိုးရွားပြင်းထန်သော ရာသီဥတုအခြေအနေများကို ဖြတ်သန်းခဲ့ရသည်။ ပေ ၆၀ အရှည်ရှိသော ယင်းရွက်လှေငယ်သည် အမေရိကန်ပြည်ထောင်စု ဆန်ဖရန်စစ္စကို ဆိပ်ကမ်းမှ မတ် ၂၀ရက်တွင် ခရီးစဉ် စတင်ခဲ့ပြီး လမ်းခရီး၌ ကီရီဘာတီနှင့် ဆာမိုအာကျွန်းများ အပါအဝင် ပစိဖိတ် တောင်ပိုင်း ကျွန်းစုနိုင်ငံများ၌ ဝင်ရောက် ဆိုက်ကပ်ခဲ့သည်။

ယင်းရွက်လှေ တစ်စင်းလုံးနီးပါးကို ပလတ်စတစ်ဘူးများဖြင့် တည်ဆောက်ထားပြီး ကြံပင်နှင့် သီဟိုဠ်သရက်ပင်တို့မှ ထုတ်ယူသော သဘာဝအခြေခံကော်စေး တစ်မျိုးဖြင့် ပလတ်စတစ်ဘူးများကို တစ်ဘူးနှင့်တစ်ဘူး တွဲဆက်ထားသည်။

ရွက်လှေ၏ရွက်တိုင်အတွက် သတ္တုရေပိုက်တစ်ချောင်းကိုသုံးစွဲသည်။ ၁၂၈ ရက်ကြာ ခရီးစဉ်အတွင်း ရွက်လှေပေါ်တွင် လိုက်ပါလာသော အဖွဲ့ဝင်ခြောက်ဦးသည် အခြောက်ခံထားသော အစားအစာများနှင့် စည်သွတ်ဘူးများ၊ ရွက်လှေပေါ်တွင်ပါရှိသော ဥယျာဉ်ငယ်တွင် စိုက်ပျိုးထားသော အသီးအနှံများကို အဓိက စားသုံးခရီးနှင်ခဲ့သည်။ **အင်တာနက်။**

ဇူလိုင် ၂၆ ရက်က ဩစတြေးလျနိုင်ငံ ဆစ်ဒနီဆိပ်ကမ်းသို့ ဆိုက်ကပ်ခဲ့သော ပစိဖိတ်သမုဒ္ဒရာကို ဖြတ်သန်း၍ ရေမိုင် ၈၀၀၀ ကျော်မျှ ခရီးနှင်ခဲ့သည့် ပလတ်စတစ်ဘူးခွံများဖြင့် တည်ဆောက်ထားသော ရွက်လှေကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရန်ရေနံဓာတုစက်ရုံ ပေါက်ကွဲမှုဖြစ်ပွား လူလေးဦးသေဆုံး

တီဟီရန် ဇူလိုင် ၂၆

အီရန်နိုင်ငံတောင်ပိုင်း ဘူရှာပြည်နယ်တွင် ဇူလိုင် ၂၄ရက် ညပိုင်းက ကာ့ခ်ရေနံဓာတုစက်ရုံ၌ ပေါက်ကွဲမှုဖြစ်ပွားရာ လူလေးဦး သေဆုံးကြောင်း အိုင်အာရ်အင်န် အေသတင်းဌာနက ဖော်ပြသည်။

ဘွိုင်လာအိုးတစ်အိုးတွင် ဖိအားမြင့်တက်ပြီး ပေါက်ကွဲမှု ဖြစ်ပွားခြင်းဖြစ်ကြောင်း ပြည်နယ်ဆိုင်ရာ တာဝန်ရှိသူ တစ်ဦးက အတည်ပြု ပြောကြားသည်။

ယင်းသို့ ပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ရေနံဓာတုစက်ရုံ၌ မီးလောင်မှုဖြစ်ပွားခဲ့ပြီး ယခုအခါ မီးကို ထိန်းချုပ်နိုင်ခဲ့သည်ဟုဆိုသည်။

ဘူရှာပြည်နယ်ကို လျှပ်စစ်ဓာတ်အား ဖြည့်ဆည်းပေးသော ယင်းစက်ရုံ ပေါက်ကွဲမှု ဖြစ်ပွားခြင်းကြောင့် ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား ပြတ်တောက်မှု ကြုံတွေ့မည်ဟု တာဝန်ရှိသူက ပြောကြားသည်။

ကာ့ခ်ရေနံဓာတုစက်ရုံသည် ပါရှန်ပင်လယ်ကွေ့ရှိ ကျွန်းတစ်ကျွန်း၌ တည်ရှိပြီး ဝန်ထမ်း ၄၀၀ကျော်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကားထဲ အသားညှပ်ပေါင်မုန့် ဝင်ယူသည့် ဝက်ဝံကြီး ပြန်မထွက်တတ်၍ လူများက ဝိုင်းကူညီပေးခဲ့ရ

ဒင်ဗာ ဇူလိုင် ၂၆

အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ်၌ ဝက်ဝံကြီးတစ်ကောင်သည် လူမရှိသော ကားတစ်စီးအတွင်း ဝင်ရောက်ခဲ့စဉ် ယင်းကားသည် ရပ်ထားသည့်နေရာမှ အနိမ့်ပိုင်းသို့ လိမ့်ဆင်းသွားခဲ့ကြောင်း သိရသည်။ ကားတွင်း၌ရှိနေစဉ် ယင်းဝက်ဝံကြီးသည် ကားဟွန်းကို အဆက်မပြတ်နှိပ်ထားကြောင်း သတင်းတွင် ဖော်ပြသည်။

ကားလိမ့်ဆင်းနေစဉ် ကားတံခါး ရုတ်တရက်ပိတ်သွားခြင်းကြောင့် ဝက်ဝံကြီးသည် ကားထဲမှ ထွက်နိုင်ရန် အပြင်းအထန် ကြိုးစားခဲ့ကြောင်းသိရသည်။ ယင်းကားတံခါးကို ရဲတပ်ဖွဲ့ဝင်များက ကြိုးတစ်ချောင်းကို အသုံးပြုကာ ဘေးကင်းသောနေရာမှ ဆွဲ၍ ဖွင့်ပေးခဲ့ရသည် ဆိုသည်။

ယင်းဝက်ဝံကြီးသည် မော်တော်ယာဉ်နောက်ခန်း၌ ထားရှိသော အသားညှပ်ပေါင်မုန့်ကို စားသောက်လိုသောကြောင့် ကားအတွင်း ဝင်ခဲ့ခြင်းဖြစ်နိုင်ကြောင်း ရဲတပ်ဖွဲ့က ထင်ကြေးပေးသည်။

ဝက်ဝံကြီးသည် ကားတွင်းမှ လွတ်မြောက်ပြီးနောက် တောထဲသို့ ပြန်ဝင်သွားကြောင်း သိရသည်။ ဝက်ဝံကြီး ကားထဲဝင်ရောက်ချိန်တွင် ကားပိုင်ရှင်မိသားစုသည် ၎င်းတို့၏ နေအိမ်ထဲတွင် အိပ်မောကျနေခဲ့ကြောင်း သိရသည်။

ကော်လိုရာဒိုပြည်နယ်တွင် ဝက်ဝံကြီးများသည် အစားအသောက်ရရှိရန်အလို့ငှာ မော်တော်ယာဉ်များနှင့် လူနေအိမ်များအတွင်း ရံဖန်ရံခါ ဝင်ရောက်လေ့ရှိကြောင်း သိရသည်။

အင်တာနက်။



ကားထဲဝင်၍ အသားညှပ်ပေါင်မုန့်ယူစဉ် ကားတံခါးပိတ်၍ ပြန်ထွက်မရဖြစ်ကာ ဒုက္ခရောက်နေသည့် ဝက်ဝံကြီးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တူရကီနှင့် အီရန်တို့ ဓာတ်ငွေ့ပိုက်လိုင်းတည်ဆောက်ရေးစာချုပ် လက်မှတ်ရေးထိုး

အန်ကာရာ ဇူလိုင် ၂၆

အီရန်နိုင်ငံမှ သဘာဝဓာတ်ငွေ့များအား ဥရောပသို့ ပို့ဆောင်ပေးမည့် ယူရို တစ်ဘီလီယံတန်ဖိုးရှိသော ပိုက်လိုင်းကို တည်ဆောက်ရန် တူရကီနှင့် အီရန်နိုင်ငံတို့ သဘောတူစာချုပ်တစ်ရပ်ကို သောကြာနေ့တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

အီရန်အမျိုးသားဓာတ်ငွေ့ တင်ပို့ရေးကုမ္ပဏီ(အန်အိုင်ဂျီစီ)နှင့် တူရကီ၏ အေအက်စ်ဘီကုမ္ပဏီတို့သည် တူရကီနိုင်ငံကို ဖြတ်သန်းသွားမည့် ကီလိုမီတာ ၆၆၀ရှည်လျားသော ပိုက်လိုင်းကို တည်ဆောက်ရန် ကန်ထရိုက်စာချုပ် တစ်ရပ် လက်မှတ်ရေးထိုးခဲ့ကြကြောင်း ရေနံဝန်ကြီး မာဆွတ်ဖီယာကာဇီမီက သောကြာနေ့တွင် အတည်ပြုပြောကြားသည်။

ကြာသပတေးနေ့တွင် ချုပ်ဆိုခဲ့သော ကန်ထရိုက်စာချုပ်အရ ပိုက်လိုင်းတည်ဆောက်မှုသည် နောက်သုံးနှစ်ကျော်ကြာမှ ပြီးစီးမည်ဟု မျှော်လင့်ရသည်။ ပိုက်လိုင်းတည်ဆောက်မှုပြီးစီးပါက တစ်ရက်လျှင် သဘာဝဓာတ်ငွေ့ ကုဗမီတာ သန်း ၅၀မှ ၆၀ထိ တင်ပို့နိုင်မည်ဖြစ်ကြောင်း အန်အိုင်ဂျီစီ အကြီးအကဲ ဂျာဗက်အိုဂျီ က ပြောကြားသည်။

၂၀၀၇ခုနှစ် အောက်တိုဘာလအတွင်း တူရကီဝန်ကြီးချုပ် ရီဆက်တေရစ် အာဒိုဂန် တီဟီရန်သို့ အလည်အပတ်ရောက်ရှိစဉ် ရေနံနှင့် ဓာတ်ငွေ့လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန်နှင့် အီရန်ဓာတ်ငွေ့ကို တူရကီနိုင်ငံအား ဖြတ်သန်းကာ ဥရောပနိုင်ငံများသို့ တင်ပို့ရေး နာလည်မှု စာချွန်လွှာကို နှစ်နိုင်ငံ လက်မှတ်ရေးထိုးခဲ့ကြသည်။

လက်ရှိအခြေအနေ၌ တစ်ရက်လျှင် ဓာတ်ငွေ့ကုဗမီတာ ၂၅ သန်းကို တင်ပို့လျက်ရှိပြီး ကုဗမီတာ သန်း ၃၀အထိ ပိုမိုတိုးမြှင့်ပေးပို့နိုင်ဖွယ်ရှိသည်။

အင်တာနက်။

မက္ကဆီကို ထောင်ဝန်ထမ်းများ အကျဉ်းသားများကို လွှတ်ပေး လူသတ်မှုကျူးလွန်နိုင်ရန် လက်နက်များပါ ငှားရမ်းခဲ့

မက္ကဆီကိုစီးတီး ဇူလိုင် ၂၆

မက္ကဆီကိုနိုင်ငံ ဒူရန်ဂိုပြည်နယ် အကျဉ်းထောင်တစ်ခုမှ တာဝန်ရှိသူများသည် အကျဉ်းသားအချို့ကို အပြင်သို့ ထုတ်ပေးပြီး လူသတ်ရန်အတွက် လက်နက်များ ငှားရမ်းခဲ့ကြောင်း ဇူလိုင် ၂၆ ရက်သတင်းတွင် ဖော်ပြသည်။

အကျဉ်းသား လူသတ်သမားများက ပျော်ပွဲရွှင်ပွဲတစ်ခုကို ဝင်ရောက်တိုက်ခိုက်ခဲ့ရာ အမျိုးသမီးများနှင့် ကလေးများအပါအဝင် လူ၁၇ဦး သေဆုံးခဲ့ရသည်။ ယင်းနောက် အကျဉ်းထောင်အာဏာပိုင်များက အကျဉ်းသားများကို ၎င်းတို့၏ အကျဉ်းတိုက်များအတွင်း ပြန်လည်ထည့်သွင်းခဲ့ကြောင်း သိရသည်။

ယင်းအဖြစ်အပျက်သည် ဒူရန်ဂိုပြည်နယ် တိုရီယွန်မြို့၌ ဇူလိုင် ၁၈ရက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဒူရန်ဂိုပြည်နယ် အကျဉ်းထောင်ညွှန်ကြားရေးမှူးနှင့် အခြားတာဝန်ရှိသူနှစ်ဦးကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေစဉ်အတွင်း နေအိမ်၌ အကျယ်ချုပ်ဖြင့် ထိန်းသိမ်းထားကြောင်း မက္ကဆီကို တရားရေးတာဝန်ရှိသူများက ပြောကြားသည်။

ယင်းအဖြစ်အပျက်သည် မူးယစ်ဆေးဝါးနှင့် ပတ်သက်သော လုပ်ကြံသတ်ဖြတ်မှုကြီးဖြစ်ပြီး အကျဉ်းထောင်အာဏာပိုင်များက အကျဉ်းသားများကို လွှတ်ပေး၍ ပြစ်မှုကျူးလွန်စေခဲ့ကြောင်း သက်သေအထောက်အထားများ ရရှိထားသည်ဟု တရားရေးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ **အင်တာနက်။**

အမေရိကန်မောင်းသူမဲ့လေယာဉ် ပစ်ခတ်တိုက်ခိုက် တောင်ဝါဇီရစ္စတန်တွင် လေးဦးသေဆုံးပြီး ငါးဦးဒဏ်ရာရ

အစ္စလာမ္မာဘတ် ဇူလိုင် ၂၆

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း တောင်ဝါဇီရစ္စတန် လူမျိုးစုဒေသတွင် ဇူလိုင် ၂၅ ရက်က အမေရိကန် မောင်းသူမဲ့လေယာဉ်၏ တိုက်ခိုက်မှုကြောင့် လေးဦးသေဆုံးပြီး ငါးဦး ဒဏ်ရာရရှိကြောင်း သတင်းများတွင် ဖော်ပြသည်။

ဇူလိုင် ၂၅ရက် နေ့လယ်ပိုင်းက တာလီဘန်စစ်သွေးကြွများ ခိုအောင်းနေသည်ဟု ယူဆရသော အာဖဂန်နစ္စတန်နယ်စပ်အနီး တောင်ဝါဇီရစ္စတန်လူမျိုးစုဒေသရှိ လူနေအိမ်တစ်လုံးကို အမေရိကန်မောင်းသူမဲ့လေယာဉ်က ဒုံးကျည်လေးစင်း ပစ်ခတ်ခဲ့သည်ဟု သတင်းတွင် ဖော်ပြသည်။

၂၀၀၉ခုနှစ် ဩဂုတ်လက အမေရိကန်မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့သည်ဆိုသော တာလီဘန်ခေါင်းဆောင် ဘိုင်တူလာမာဆွတ် နေထိုင်ခဲ့သည့် နေရာများအနက် တစ်ခုဖြစ်သည်ဟုယူဆရသော အဆိုပါ နေအိမ်ကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါ မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှုသည် နှစ်ရက်အတွင်း ဒုတိယအကြိမ် တိုက်ခိုက်မှုဖြစ်သည်။ စနေနေ့ စောစောပိုင်းက တောင်ဝါဇီရစ္စတန်ဒေသရှိ စစ်သွေးကြွများ ခိုအောင်းနေသည်ဟု ယူဆရသော နေရာများကို အမေရိကန်မောင်းသူမဲ့လေယာဉ်တစ်စင်းက ဒုံးကျည်ငါးစင်းပစ်ခတ်ခဲ့ရာ ၁၆ဦး သေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ဂျပန်၌ ကယ်ဆယ်ရေး ရဟတ်ယာဉ် ပျက်ကျ

တိုကျို ဇူလိုင် ၂၆

ဂျပန်နိုင်ငံအလယ်ပိုင်း ဆိုင်တာမားစီရင်စု တောင်ကုန်းတစ်ခုပေါ်သို့ လူခုနစ်ဦး လိုက်ပါလာသော ကယ်ဆယ်ရေးရဟတ်ယာဉ်တစ်စင်း ဇူလိုင် ၂၅ ရက်က ပျက်ကျခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

လိုက်ပါလာသူများအနက် တစ်ဦးသာ အသက်ရှင်ကျန်ရစ်ကြောင်း သတင်းများ ထွက်ပေါ်လာသော်လည်း မီးသတ်တပ်ဖွဲ့၏ အဆိုအရ နှစ်ဦးအသက်ရှင်ကြောင်း သိရသည်။ ရဟတ်ယာဉ်သည် မီးလောင်ကျွမ်းခဲ့သော်လည်း ပေါက်ကွဲမှုဖြစ်ပွားခြင်းမရှိကြောင်း၊ မီးတငွေ့ငွေ့ လောင်ကျွမ်းနေဆဲဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ ရဟတ်ယာဉ်သည် တောင်ပေါ်ရှိ တောင်တက်သမား ကိုးဦးအဖွဲ့မှ တစ်ဦးကို ကယ်တင်ရန် ထွက်ခွာလာစဉ် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ၁၀မိနစ်ခန့်က ပျက်ကျခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

နှစ် (၅၀)ကျော်ကြာ ပျောက်ကွယ်ခဲ့သော အင်းဆက် ဗြိတိန်နိုင်ငံ၌ ပြန်လည်တွေ့ရှိ

ရာစုနှစ် ထက်ဝက်ကြာမျှ ပျောက်ကွယ်သွားခဲ့ပြီးနောက် ဗြိတိန်နိုင်ငံ၌ ပြန်လည်တွေ့ရှိရသော ပုစဉ်းမျိုးစိတ်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လန်ဒန် ဇူလိုင် ၂၆

ဗြိတိန်နိုင်ငံ၌ ရာစုနှစ် ထက်ဝက်ကျော်ကျော်မျှ ပျောက်ကွယ်သွားခဲ့သော အင်းဆက်တစ်မျိုးကို ယခုအခါ ပြန်လည်တွေ့ရှိရပြီဖြစ်ကြောင်း ဇူလိုင် ၂၅ရက် သတင်းများတွင် ဖော်ပြသည်။

အပြာဖျော့ဖျော့အရောင်ရှိသော အဆိုပါ ပုစဉ်းမျိုးနွယ်ဝင် အင်းဆက်သည် ၁၉၅၂-၅၃ခုနှစ်တွင် ဗြိတိန်နိုင်ငံ၌ ဖြစ်ပွားခဲ့သော ရေကြီးမှုများကြောင့် ၎င်းတို့ ကျက်စားရာ အရှေ့အင်္ဂလိယန်ဒေသမှ ပျောက်ကွယ်သွားခဲ့သည်။

ယခုအခါ ယင်းပုစဉ်းအနွယ်ဝင်အင်းဆက်များကို အင်္ဂလန်နိုင်ငံ အရှေ့တောင်ပိုင်း ကင့်သ်ခရိုင်၌ ပြန်လည်တွေ့ရှိခဲ့ပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့် ၎င်းတို့၏ သဘာဝနှင့် ပိုမိုအံဝင်ခွင်ကျဖြစ်လာသော ပြင်သစ် သို့မဟုတ် ဘယ်လ်ဂျီယံနိုင်ငံများမှ လေတိုက်ခတ်မှုကြောင့် အင်္ဂလိပ်ရေလက်ကြားကို ဖြတ်ကျော်ကာ ဗြိတိန်နိုင်ငံတွင်းသို့ ပြန်လည်ရောက်ရှိခဲ့ခြင်း ဖြစ်ဖွယ်ရာရှိကြောင်း ပတ်ဝန်းကျင် ထိန်းသိမ်းရေးသမားများက ပြောကြားသည်။

သို့ရာတွင် အဆိုပါ ပုစဉ်းများသည် ဗြိတိန်နိုင်ငံ၌ ဆက်လက် ပေါက်ပွားနိုင်စွမ်း ရှိ၊ မရှိကိုမူ မသိရသေးပေ။

အင်တာနက်။

တိုင်းမှူး ပိုလ်ချုပ်ရာပြည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ တက်ရောက်

နေပြည်တော် ဇူလိုင် ၂၆

တောင်ကြီးတက္ကသိုလ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂၃ ရက် နံနက်ပိုင်းတွင်ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ပိုလ်ချုပ်ရာပြည့်၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး တိုင်းမှူးနှင့်တာဝန်ရှိသူတို့က တက်ရောက်လာကြသူများအား သစ်ပင်များကိုပေးအပ်ကြကာ ခါတော်မီပင်များကို စိုက်ပျိုး၍ အမွှေးနံ့သာရည်ပက်ဖျန်းကြသည်။

ယင်းနောက် စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျောက်ခွဲစက်ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှု မန္တလေးမြို့တော်ဝန် ကြည့်ရှုစစ်ဆေး

မန္တလေး ဇူလိုင် ၂၆

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်သည် ကော်မတီဝင် ဦးမြင့်သိန်းနှင့် ဌာနမှူးများ လိုက်ပါလျက် ပုသိမ်ကြီးမြို့နယ် ကျောက်ချောဒေသ မန္တလေး- ပြင်ဦးလွင်လမ်း မိုင်တိုင်အမှတ်(၁၅/၅)ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ကျောက်ခွဲစက် ကုန်ထုတ်လုပ်နေမှု**(အပေါ်ပုံ)**နှင့် စက်ရုံဝင်းအတွင်း ရေရရှိရေးအတွက် စက်ရေတွင်း တူးဖော်ပြီးစီးမှုလုပ်ငန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

(၄၆၉)

ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့်အဖွဲ့ လာအိုနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဇူလိုင် ၂၆

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် ဦးဆောင်သည့် မြန်မာအားကစား ကိုယ်စားလှယ်အဖွဲ့သည် လာအိုနိုင်ငံ အိုလံပစ်ကော်မတီ၏ ဖိတ်ကြားချက်အရ ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယန်ကျန်းမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။**(အောက်ပုံ)**

အဆိုပါ မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင် အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနော်တောင်၊ ညွှန်ကြားရေးမှူး ဦးထွန်းမြင့်ဦးနှင့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်လွင်တို့ လိုက်ပါသွားကြပြီး ယင်းအဖွဲ့ကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများက လိုက်ပါပို့ဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး သာယာဝတီခရိုင်၌ ပညာပေးဟောပြော

ရန်ကုန် ဇူလိုင် ၂၆

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းလိုက်နာစေရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၀ ရက်က သာယာဝတီမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာအားမာန်ခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးစံသိန်းက အမှာစကားပြောကြားပြီး သာယာဝတီခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူးမင်းသိန်းနှင့် ခရိုင်တာဝန်ခံ (ယာဉ်ထိန်း)ရဲအုပ်စောဝင်း၊ ခရိုင်ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးချစ်တင်**(အောက်ပုံ)**တို့က ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းနေ ဦးလှရွှေ-ဒေါ်လှလှ မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီး အဆောက်အအုံသစ်ဆောက်လုပ်ရန်နှင့် ဆွမ်း၊ ဆေး၊ နဝကမ္မငွေပဒေသာပင် အလှူငွေကျပ်သိန်း ၁၀၀၀ ကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။

(သတင်းစဉ်)

မြို့သာယာလှပရေး

ဇူလိုင် ၉ ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေ ဦးဆောင်သော အဖွဲ့ သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသည့် မြို့သာယာလှပရေးအတွက် လမ်းလယ်ကျွန်းပန်းခြံများ ဆောင်ရွက်မှုကို ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ကြွက်ကာကွယ်နှိမ်နင်းရေး နှိုးဆော်ချက်

မိုးဦးအစတွင် ရိုးမများအတွင်း မှီခိုနေထိုင်သော ကြွက်ဝမ်းဖြူများသည် မျိုးပွားနှုန်း မြင့်မားလာခြင်း၊ ဒေသနှင့် ဝါးမျိုးကွဲအလိုက် ဝါးပန်းပွင့်ခြင်း၊ ဝါးသုဉ်းခြင်းတို့ကြောင့် ရိုးမအတွင်း အစားအစာရှားပါးလာသဖြင့် စပါးပျိုးခင်းနှင့် စိုက်ခင်းများရှိရာမြေပြန့်သို့ အုပ်စုလိုက် ရွှေ့ပြောင်း၍ ပျိုးခင်းမှ စပါးစေ့နှင့် ပျိုးပင်ငယ်များကို စားသောက်ဖျက်ဆီးနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ကြွက်ကျရောက်ဖျက်ဆီးပါက အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ကြရန် ဖြစ်ပါသည်-

- လူနေအိမ်နှင့် စိုက်ခင်းများတွင် ကြွက်ခိုအောင်းနိုင်သော နေရာများအား သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊
- ကြွက်ကျင်းများ တူးဖော်နှိမ်နင်းခြင်း၊
- ကြွက်ကျင်းများထဲသို့ မီးခိုးမှိုင်းတိုက်ခြင်း၊ ရေလောင်းထည့်ခြင်း၊
- တစ်ကွင်းတစ်စပ်တည်းတွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် ခြောက်လှန့်ရှာဖွေဖမ်းဆီးခြင်း၊
- ထောင်ချောက်အမျိုးမျိုး အသုံးပြုနှိမ်နင်းခြင်း၊
- လိုအပ်ပါက ကြွက်သတ်ဆေးချ၍ ကာကွယ်နှိမ်နင်းခြင်း၊

အကူအညီလိုအပ်ပါက နီးစပ်ရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းဌာနများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြရန် နှိုးဆော်အပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၇-၇-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အင်္ဂဇယမင်္ဂလာ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၆။ အတီးပြိုင်ပွဲ
၈း၁၅ ၇။ နှောင်းခေတ်တေးပဒေသာ
၈း၂၀ ၈။ ဧရာဝတီအတွက် နောက်ထပ်တံတားတစ်စင်း (ညောင်ချောင်းတံတား)
၈း၂၅ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၃၀ ၁၀။ "အမှန်ထင်နေသောအမှား"
၈း၄၀ ၁၁။ International News
၈း၄၅ ၁၁။ Local Talent
၉း၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၀ ၂။ အကပြိုင်ပွဲ
၄း၂၀ ၃။ တေးဂီတအစီအစဉ်
၄း၃၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ပထမနှစ် (ဓာတုဗေဒ၊ရူပဗေဒ၊သင်္ချာ အထူးပြုများ) (ဓာတုဗေဒ)
၄း၅၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄း၅၅ ၆။ ကြေးမုံရိပ်သွင်တေးနှုယဉ်
၅း၀၅ ၇။ "ရတနာစုံညီနေပြည်တော်ဆီ"
၅း၂၅ ၈။ "ပျော်ရွှင်ဆင်နွှဲဝါဆိုပန်းခူးပွဲ"
၅း၄၅ ၉။ ရင်မှာစွဲထင်တေးအလှသံစဉ်
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၂။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၅၀ ၁၃။ ဆိုလိုက်ကြစို့
၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာဆန်သူ---ကိုယ့်ချစ်သူ" (အပိုင်း-၃)**
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ အထိမခံရွှေနိုင်ငံ (တေးရေး၊ဆို-ပေါက်စ Drum)
၁၉။ "ရယ်စရာဟာသများ"
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အဆိပ်သင့်တဲ့အချစ်" (ဒုတိယတွဲ) (အပိုင်း-၁၃)**
၂၁။ **"ရုပ်ရှင်ပဟေဠိ"**
၂၂။ အစီအစဉ်ပြီး၏။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် လုပ်ငန်းရှင်ခြောက်ဖွဲ့ လမ်းမိုင်ပေါင်း ၇၉၀ ကို ပြုပြင်ဖောက်လုပ် လုပ်ငန်းလုပ်ကိုင်ရေးနှင့် လွှဲပြောင်းပေးရေးပဋိညာဉ်စာချုပ် ချုပ်ဆိုပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဇူလိုင် ၂၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဇူလိုင် ၂၅ ရက် ည ၇ နာရီတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပသော ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ လမ်းပြုပြင်ဖောက်လုပ် လုပ်ငန်းလုပ်ကိုင်ရေးနှင့် လွှဲပြောင်းပေးရေး (B.O.T) ပဋိညာဉ်စာချုပ်ချုပ်ဆို လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။

အဆိုပါ စာချုပ်ချုပ်ဆိုပွဲ အခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်း၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်း၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပုဂ္ဂလိကလုပ်ငန်းရှင် ကုမ္ပဏီခြောက်ခုတို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပုဂ္ဂလိကလုပ်ငန်းရှင်ကုမ္ပဏီခြောက်ခု ကိုယ်စား အေးရှားဝေါလ်ကုမ္ပဏီမှ ဒါရိုက်တာ ဦးမောင်ကျေးက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းက အေးရှားဝေါလ်ကုမ္ပဏီမှ ဒါရိုက်တာနှင့် လည်းကောင်း၊ ရွှေသံလွင်ကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာနှင့် လည်းကောင်း၊ ခိုင်မာသောပန်းတိုင်ဆောက်လုပ်ရေးကုမ္ပဏီနှင့် တောင်ပေါ်ဒေသ ဆောက်လုပ်ရေးကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာနှင့် လည်းကောင်း၊ ရွှေတောင်ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာနှင့်လည်းကောင်း၊ မြတ်နိုးသူကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာနှင့် လည်းကောင်း လမ်းပြုပြင်ဖောက်လုပ် လုပ်ငန်းလုပ်ကိုင်ရေးနှင့် လွှဲပြောင်းပေးရေးအတွက် စာချုပ်များတွင် နှစ်ဦးနှစ်ဖက် လက်မှတ်များ အသီးသီးရေးထိုးခဲ့ကြပြီး စာချုပ်များကို အပြန်အလှန် လဲလှယ်ကြသည်။

ထို့နောက် ဝန်ကြီးသည် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပုဂ္ဂလိကလုပ်ငန်းရှင် ကုမ္ပဏီ ခြောက်ခုတို့မှ တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ယခုချုပ်ဆိုသည့် စာချုပ်များမှာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များဖြစ်ကြသည့် ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီက ရန်ကုန်-မြိတ် ပြည်ထောင်စုလမ်းမကြီး၏ ကျိုက်ထို-သထုံ-မော်လမြိုင်အပိုင်း ၇၈မိုင် ခြောက်ဖာလုံနှင့် သထုံ-ဘားအံလမ်း ၂၆ မိုင် နှစ်ဖာလုံကိုလည်းကောင်း၊ အေးရှားဝေါလ်ကုမ္ပဏီက ရန်ကုန်-ပုသိမ်လမ်း ၁၁၃ မိုင်၊ ပုသိမ်-ငွေဆောင်လမ်း ၂၉ မိုင်ငါးဖာလုံနှင့် မြစ်ငယ်-ထုံးဘို-ပြင်ဦးလွင်လမ်း ကိုးမိုင်သုံးဖာလုံကိုလည်းကောင်း၊ ရွှေတောင်ကုမ္ပဏီက မန္တလေး-စစ်ကိုင်း-မုံရွာ-ရေဦးလမ်း၏ စစ်ကိုင်း-မုံရွာအပိုင်း ၇၃ မိုင် သုံးဖာလုံနှင့် မန္တလေး-စစ်ကိုင်း-ရွှေဘိုလမ်း၏ အုန်းတော-ရွှေဘိုအပိုင်း ၄၃ မိုင်ကို လည်းကောင်း၊ မြတ်နိုးသူကုမ္ပဏီက မိတ္ထီလာ-ကျောက်ပန်းတောင်း-ညောင်ဦး-ပုဂံလမ်း ၉၃ မိုင် ခြောက်ဖာလုံနှင့် ညောင်ဦး-မြင်းခြံလမ်း မိုင် ၄၀ နှစ်ဖာလုံကို လည်းကောင်း၊ တောင်ပေါ်ဒေသလမ်းဆောက်လုပ်ရေးကုမ္ပဏီက မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း၏ မိတ္ထီလာ-တောင်ကြီးအပိုင်း မိုင် ၁၄၀ ငါးဖာလုံကို လည်းကောင်း၊ ခိုင်မာသောပန်းတိုင်ကုမ္ပဏီက မိုးကောင်း-ကာမိုင်း-ဖားကန့်လမ်း၏ ပါဟုတ်-ကာမိုင်း-လဝ-လုံခင်းအပိုင်း မိုင် ၆၀ နှင့် မန္တလေး-ရွှေဘို-မြစ်ကြီးနားလမ်း၏ နန့်စီးအောင်-နမ္မတီးအပိုင်း ၈၉ မိုင်ကို လည်းကောင်း စုစုပေါင်း ပုဂ္ဂလိကလုပ်ငန်းရှင် ခြောက်ဖွဲ့တို့က လမ်းမိုင်ပေါင်း မိုင် ၇၉၀ကို ပြုပြင်ဖောက်လုပ် လုပ်ငန်းလုပ်ကိုင်ရေးနှင့် လွှဲပြောင်းပေးရေး (B.O.T) ပဋိညာဉ် စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များ လမ်းပြုပြင်ဖောက်လုပ် လုပ်ငန်းလုပ်ကိုင်ရေးနှင့် လွှဲပြောင်းပေးရေး (B.O.T) ပဋိညာဉ်စာချုပ်ချုပ်ဆို လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်စဉ်။ (ဆောက်လုပ်ရေး)

ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၂၆

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၇၂၇)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉ လမ်းထောင့်) Central Tower ပထမထပ်ရှိ SweSone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ နေပြည်တော်နှင့် ရန်ကုန် သုံးနာရီသာကြာမည့် အမြန်ရထားလမ်းစီမံကိန်း ဆောင်ရွက်မည်၊ သုံးဆယ်မြို့က ဆရာတော်ကြီးအား နေ့စဉ်လာရောက်ဖူးမြော်သူ သောင်းနှင့်ချီရှိလာ၊ အင်ဒိုနီးရှားနိုင်ငံ ဆူမတြားကျွန်းရှိ ရွှေတိဂုံပုံတူစေတီတော်၏ စိန်ဖူးတော်ကို ရှေ့လဆန်းတွင် တင်လှူပူဇော်မည်၊ နည်းပညာသစ်ဖြင့် တစ်နှစ်လုံးသီးမည့် မြန်မာ့အကြီးဆုံး လိမ္မော်ခြံကြီး စိုက်ပျိုးထား၊ မြန်မာ့ရွှေထည်များ အရှေ့အလယ်ပိုင်းဒေသသို့ ပထမဆုံးတင်ပို့ရောင်းချတော့မည်၊ ဓာတုဗေဒသဘော် မီးလောင်မှုတွင် ဒဏ်ရာရခဲ့သည့် မြန်မာနှစ်ဦး စလုံးသေဆုံးရှာ၊ G-talk ပြောရင်းဈေးဝယ်နိုင်တော့မည်၊ အင်တာနက် ပြတ်တောက်မှုမရှိစေရန် အိမ်နီးချင်းနိုင်ငံများနှင့် ဖိုင်ဘာဆက်ကြောင်းများ ထပ်မံသွယ်တန်းနေ၊ ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် လုံခြုံရေးအတွက် တစ်မြို့နယ်တွင် ရဲစခန်းတစ်ခုဆောက်လုပ်၊ မြန်မာ့အကြီးဆုံး အမျိုးသားအဆင့် Web Portal ရှေ့လတွင် စတင်မည်၊ ရန်ကုန်တိုင်းအတွင်း ဈေးများတွင် လောင်စာဆီမရောင်းရ၊ ရန်ကုန်ယူနိုက်တက်က ဇင်းမယ်ဘောလုံးအသင်းကို လေးဂိုးပြတ်ဖြင့် အနိုင်ရ၊ (၅၅)နှစ်အထက် လူကြီးများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရှာဖွေပေးမည်၊ ရေအားလျှပ်စစ်စက်ရုံသို့ သေနတ်သမားလေးဦး ဝင်ရောက်ပစ်ခတ်ရာ လူနှစ်ဦးသေဆုံးပြီး ပေါက်ကွဲမှုဖြစ်ပွား၊ ထူးဆန်းသော မျက်လုံးပုံသဏ္ဌာန် ဖြစ်နေသည့် နေလုံးကြီးကို ကောင်းကင်၌မြင်ရ၊ အသက်(၈၀)ရှိ သန့်ရှင်းရေးလုပ်သားကြီး အမှိုက်စီမံခန့်ခွဲမှုဘာသာရပ်ဖြင့် မဟာဘွဲ့ရ၊ အမျိုးသမီးများအသုံးပြုရန် HIV ပိုးကိုသတ်နိုင်သည့် ဆေးဝါးများတွေ့ရှိ၊ ပင့်ကူများစွာပါလာသည့်သဘော် ဆိပ်ကမ်းမှ အမြန်ပြန်ထွက်ခဲ့ရ၊ အိမ်တစ်အိမ်တည်းကို သုံးနှစ်အတွင်း ဥက္ကာခဲခြောက်ကြိမ် ထိမှန်ခဲ့၊ အလွန်သေးငယ်သော ဖန်စလေးများဖြင့် ကိုယ်ပျောက်ဝတ်ရုံတီထွင်၊ ကမ္ဘာ့ဖလားစတား ရေဘဝဲပေါလ်ရုပ်ရှင်ဇာတ်ကောင်ဖြစ်လာတော့မည်၊ မြောက်ကိုရီးယားက နျူကလီးယားလက်နက်ဖြင့် ခြိမ်းခြောက်ထားသော်လည်း အမေရိကန်နှင့် တောင်ကိုရီးယားတို့ အကြီးအကျယ်စစ်ရေးလေ့ကျင့်လျက်ရှိ၊ လည်ကုပ်မှ ခါးသို့ သံမဏိချောင်းကြီး ဖောက်ဝင်သွားသော်လည်း မသေ၊ ကားတစ်စီးမီးပွိုင့်၌ အပေါက်ကျွံကာ ပေ ၂၀ အနက်သို့ ပြုတ်ကျသွားသော်လည်း အသက်မသေ၊ နဂါးငွေ့တန်းဖြတ်သန်းမှုဖြစ်စဉ်ကြောင့် ၂၀၁၂ မှ ၂၀၁၅ ခုနှစ်အတွင်း ကမ္ဘာ့လျှပ်စစ်ဆက်သွယ်ရေးစနစ်များ ပြတ်တောက်သွားနိုင်ဟုဆိုစသည့် စိတ်ဝင်စားဖွယ် သတင်းများနှင့် ပါဝင်နေကျကဏ္ဍမျိုးစုံအပြင် ရှစ်မျက်နှာ တိုးမြှင့်၍ မေတ္တာလက်ဆောင်အချပ်ပိုများနှင့်အတူ ဈေးနှုန်းမတက်ဘဲ အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အိမ်ရာအဆောက်အအုံနှင့် နေထိုင်မှုပြပွဲ(၂၀၁၀)တွင် ဂျပန်နိုင်ငံ ARBAR Co., က ထုတ်လုပ်သည့် Heat Exchange Paint သုတ်ဆေးပြခန်း ပြသထားစဉ်။

(သတင်းစဉ်)

အိမ်ရာအဆောက်အအုံနှင့် နေထိုင်မှုပြပွဲ (၂၀၁၀) အပူဒဏ်ဖျောက်ဖျက်စေသည့် သုတ်ဆေး ပါဝင်ပြသ

ရန်ကုန် ဇူလိုင် ၂၆

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ အိမ်ရာအဆောက်အအုံနှင့် နေထိုင်မှုပြပွဲ (၂၀၁၀)ကို ဇူလိုင် ၂၄ ရက်မှ ၂၇ ရက်အထိ ပြသလျက်ရှိရာ ခေတ်သစ်နည်းပညာဖြင့် အပူဒဏ်ကို ဖျောက်ဖျက်စေသည့် ဂျပန်နိုင်ငံ ARBAR Co. က ထုတ်လုပ်သည့် Heat Exchange Paint သုတ်ဆေး ပြခန်း ပါဝင်ပြသလျက်ရှိသည်။

Heat Exchange Paint သည် အိမ်သုတ်ဆေးများတွင် နောက်ဆုံးပေါ် ခေတ်မီနည်းပညာဖြင့် ထုတ်လုပ်ထားပြီး ဆေးသုတ်ရုံဖြင့် အပူကို ဖျောက်ဖျက်စေနိုင်သည့် သုတ်ဆေးဖြစ်သည်။ နေ၏ အပူစွမ်းအင်ကို အခြားစွမ်းအင်အဖြစ် ပြောင်းလဲစေခြင်းကြောင့် အပူဒဏ်ဖျောက် အိမ်သုတ်ဆေးဟု အမည်ပေးထားခြင်းဖြစ်သည်။ Heat Exchange Paint သုတ်ထားခြင်းကြောင့် နွေရာသီတွင် ပြင်းထန်သော နေရောင်အောက်ရှိ သွပ်မိုးပြားများကို လက်ဖြင့် ကိုင်နိုင်သော အပူချိန်ထက် မပိုစေနိုင်သော အခြေအနေသို့ရောက်ရှိစေသည်။

ဂျပန်နိုင်ငံ တိုယိုတာ ကားကုမ္ပဏီမှ ထုတ်လုပ်သည့် ကားများတွင် Heat Exchange Paint သုတ်ဆေးကို ကား အင်ဂျင်အခန်းနှင့် ကားကိုယ်ထည်အောက်ဘက်မျက်နှာပြင်တို့တွင် လက်ရှိ သုံးစွဲလျက်ရှိသည်။ ထို့အပြင် အားကစားကွင်းများ၊ တင်းနစ်ကွင်းများ၊ သိုလှောင်ကန်များ၊ ဟိုတယ်အမိုးများ၊ စက်ရုံခေါင်မိုးများ၊ တာဝါတိုင်များ၊ လုံးချင်းအိမ်ရာများ၊ ထရန်စဖော်မာတို့တွင် သုံးစွဲလျက်ရှိသည်။

Heat Exchange Paint သုတ်ဆေးကို ဆက်သွယ်မှာယူလိုပါက Kyi Brothers International Co., Ltd. ဖုန်း-၆၈၅၁၄၄ နှင့် ၀၉-၈၅၁၅၁၀၁၊ Da Na Myay Co., Ltd. ဖုန်း -၅၅၂၆၉၉ နှင့် ၅၅၈၂၂၁ တို့သို့ ဆက်သွယ်မှာယူရရှိနိုင်သည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၇-၂၀၁၀ (အင်္ဂါနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+မေတ္တာသုတ်
၅း၁၅	MRTV-4 သတင်း
၆း၀၀	“ဥပုသ်တော်သီလ”တရားတော် (မဟာဗောဓိမြိုင်ဆရာတော် ဝနဝါသီဥဩယျမွေသာမိ မဟာထေရ်)
၆း၄၀	ဖူးမည်အမှန့်. . . ထူးမည်ဧကန် ----မာရ်ငါးမာရ်
၇း၀၀	MRTV-4 သတင်း
၇း၄၅	MRTV-4 ကာတွန်းအစီအစဉ်
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပြောင်းလဲမရတဲ့အချစ်” (အပိုင်း-၅၉)**
၈း၃၀	Sports World
၈း၅၅	နေသူရိန်ပြောတဲ့ မင်းယုဉ်ရဲလား----ပြော
၉း၀၀	အဖိုးတန်ရတနာတို့ဖြစ်တည်ရာ
၉း၃၀	Cartoon Show Time (SPIRIT)
၁၀း၁၀	ကိုယ်ရောက်နေတဲ့ကိုယ့်နေရာ “တော်ဝင်မိသားစုကုမ္ပဏီဥက္ကဋ္ဌ ဦးကိုကိုထွေးနှင့်တွေ့ဆုံခြင်း (အပိုင်း-၁)
၁၀း၄၀	သင်ကြားရေးလမ်းညွှန် (G.E.S.C တရုတ်ဘာသာစကား သင်တန်းကျောင်း)
၁၀း၅၅	ကျန်းမာစေဖို့ Giffarine ဖြည့်စွက်စာများ
၁၁း၂၀	Sports Diary
၁၁း၄၅	သန့်လေးသန့်နှင့် အနုပညာရှင်များ (ဒေါက်တာခင်မောင်လွင်၊ ဒါရိုက်တာ-ကြည်စိုးထွန်း)
၁၂း၂၀	ဟိုတယ်လမ်းညွှန် (Thiri Myanmar)
၁၂း၄၀	စက်မှုကုန်ကြမ်းသီးနှံ ပီလောပီနံ
၁း၀၀	“ဥပုသ်တော်သီလ”တရားတော် (မဟာဗောဓိမြိုင်ဆရာတော် ဝနဝါသီဥဩယျမွေသာမိ မဟာထေရ်)
၁း၄၀	ဖူးမည်အမှန့်. . . ထူးမည်ဧကန် ----မာရ်ငါးမာရ်
၂း၀၀	MRTV-4 သတင်း
၂း၄၅	Zaw Win Htut Emperor 25th Anniversary Live Show (Part-4)
၃း၅၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပြောင်းလဲမရတဲ့အချစ်” (အပိုင်း-၅၉)**
၄း၃၅	တေးဂီတအစီအစဉ်
၄း၅၅	အဖိုးတန်ရတနာတို့ဖြစ်တည်ရာ
၅း၁၅	နေသူရိန်ပြောတဲ့ မင်းယုဉ်ရဲလား----ပြော
၅း၄၀	ကျန်းမာစေဖို့ Giffarine ဖြည့်စွက်စာများ
၆း၀၀	MRTV-4 သတင်း
၆း၂၀	Celebrity Style (ရန်ရန်ချမ်းနှင့် ချိုလီ)
၆း၄၅	Zaw Win Htut Emperor 25th Anniversary Live Show (Part-4)
၈း၀၀	MRTV-4 သတင်း
၈း၃၀	World Of Knowledge (Salvage Code Red: Fire Storm)
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပြောင်းလဲမရတဲ့အချစ်” (အပိုင်း-၅၉)**
၁၀း၀၀	Sunday Talk
၁၁း၁၀	Cartoon Show Time (SPIRIT)
၁၁း၄၅	Celebrity Style (ရန်ရန်ချမ်းနှင့် ချိုလီ)
၁၂း၁၀	ကိုယ်ရောက်နေတဲ့ကိုယ့်နေရာ “တော်ဝင်မိသားစုကုမ္ပဏီဥက္ကဋ္ဌ ဦးကိုကိုထွေးနှင့်တွေ့ဆုံခြင်း (အပိုင်း-၁)
၁၂း၃၀	တန်ဖိုးမြင့်ထုတ်ကုန် သားရေစက်ရုံ
၁၂း၅၀	ဂုံညင်းတန်းတံတား
၁၂း၅၅	ပွင့်ဖြူ၏လက်ဆောင်
၁း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။
မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အရိုးရောဂါပညာအဖွဲ့မှ ဆရာဝန်များအတွက် ပွမ်းမံသင်တန်း ပို့ချမည်

ရန်ကုန် ဇူလိုင် ၂၆

မြန်မာနိုင်ငံဆရာဝန်အသင်း အရိုးရောဂါပညာအဖွဲ့မှ ကြီးမှူး၍ အထွေထွေရောဂါကု ဆရာဝန်များအတွက် Musculoskeletal Swelling in Daily Practice ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံဆရာဝန်အသင်း သိမ်ဖြူလမ်း ရန်ကုန်မြို့၌ ဇူလိုင် ၃၁ ရက် (စနေနေ့) နံနက် ၈ နာရီမှစ၍ ဟောပြောပို့ချမည်ဖြစ်ရာ စိတ်ပါဝင်စားသူ ဆရာဝန်များ တက်ရောက်နိုင်ကြောင်း သိရှိရသည်။

(ကြေးမုံ)

နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် နေပြည်တော်ခရိုင် ပုဗ္ဗသီရိမြို့နယ်၌ ကျင်းပသော မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနား တက်ရောက်

နေပြည်တော် ဇူလိုင် ၂၆

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် ဇူလိုင် ၂၄ ရက် နံနက်ပိုင်းတွင် နေပြည်တော်ခရိုင် ပုဗ္ဗသီရိမြို့နယ်၌ ကျင်းပသော မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ အခမ်းအနားသို့ တပ်မတော် အရာရှိကြီးများ၊ တပ်ရင်း/ တပ်ဖွဲ့မှူးများ၊ စစ်သည်၊ မိသားစုဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူတို့က ပျိုးပင်များ ပေးအပ်ပြီး သရက်ပျိုးပင်များကို စိုက်ပျိုးပေးကြသည်။ ထို့နောက် စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးပြီး စစ်သည်နှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပန်းဘဲတန်း စာပေနှင့် စာနယ်ဇင်းအဖွဲ့ စည်းဝေး

ရန်ကုန် ဇူလိုင် ၂၆

ပန်းဘဲတန်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ၃/၁၀ အစည်းအဝေးကို ဇူလိုင် ၂၅ရက် နံနက်က မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ တည်ရှိရာ ၃၂ (အလယ်လမ်း) အမှတ် (၁၂၉-၁၃၁)၊ မြေညီထပ်၌ ကျင်းပရာ နာယကများ၊ အမှုဆောင်များ၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။ **(အောက်ဝဲပုံ)**

ယခင် (၂/၁၀)အစည်းအဝေးသို့ မတက်ရောက်နိုင်သည့် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ၏ ဆန္ဒအရ ပဥ္စမအကြိမ် စာပေညီလာခံအတွေ့အကြုံများကို ညီလာခံ ကိုယ်စားလှယ်ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က ထပ်မံရှင်းလင်းသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့အနေဖြင့် အဖွဲ့ဝင်များ၏ သားသမီးများအနက် ၂၀၀၉ - ၂၀၁၀ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား ပညာရည်ချွန်ဆု ချီးမြှင့်မည့်အကြောင်းကို ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က အသိပေးပြောကြားသည်။

ယင်းနောက် (၃/၁၀)အစည်းအဝေးသို့ တက်ရောက်လာကြသော အဖွဲ့ဝင်အားလုံးက မြို့နယ်မဂ္ဂဇင်းအား ၂၀၁၁ တွင် ထုတ်ဝေနိုင်ရန် ဆွေးနွေးဆုံးဖြတ်ကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (၁၉)

မော်လမြိုင်ကျွန်းမြို့နယ်အသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၆

မော်လမြိုင်ကျွန်းမြို့နယ်အသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၁ ရက်(တနင်္ဂနွေနေ့)တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၂၆)ရပ်ကွက် ပုလဲရတနာလမ်း နိကာယ်ငါးရပ် ပိဋကသုံးပုံ စာသင်တိုက်ကြီး၌ ကျင်းပမည်ဖြစ်သည်။

(၇၅)နှစ်နှင့်အထက် အသင်းဝင်သက်ကြီးများအား ပူဇော်ခြင်း၊ ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် အသင်းဝင်များ၏ သားသမီးများသည် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ အမှတ်စာရင်းများအား အသင်းအတွင်းရေးမှူး ဦးစိုးပိုင် ဖုန်း-၂၄၀၉၅၄၊ အမှတ်၂၃၈ ရွှေဘုံသာလမ်း(အလယ်)ပန်းဘဲတန်းမြို့နယ်သို့ ဇူလိုင် ၃၁ ရက် နောက်ဆုံးထား ဆက်သွယ်ပေးပို့ကြရန်နှင့် အသင်းဝင်များအား ဩဂုတ် ၁ ရက်တွင် ပို့ဆောင်ပေးရန် အမှတ် ၂၃၈ ရွှေဘုံသာလမ်း(အလယ်)မြန်မာမျက်မှန်ဆိုင်ရှေ့တွင် နံနက် ၈ နာရီ ကြိုပို့ကားများ စီစဉ်ထားကြောင်း သိရှိရသည်။ (ကြေးမုံ)

ဇူလိုင် ၁၉ ရက်က အလှူရှင် ဦးမြတ်သင်းအောင်နှင့် မိသားစုက မြို့နယ်ပြန်/ဆက်ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခင်စန်းဦးထံ မဂ္ဂဇင်း၊ ဂျာနယ်မျိုးစုံ စောင်ရေ ၄၀၀၀ ကို ဒိုက်ဦးမြို့နယ်ရှိ ကျောင်းများနှင့် ကျေးရွာစာကြည့်တိုက် ၃၀ တို့သို့ ပေးအပ်လှူဒါန်းစဉ်။

(မြို့နယ်ပြန်/ဆက်)

❖ကျောဖုံးမှ

(Video conference) တို့တွင် ကမ္ဘာ့ဈေးအချိုဆုံး ကွန်ပျူတာကို အသုံးပြုနိုင်ကြမည်ဖြစ်သည်။

အိန္ဒိယ နည်းပညာတက္ကသိုလ်နှင့် သိပ္ပံတက္ကသိုလ်တို့မှ သိပ္ပံပညာရှင်များက ဈေးနှုန်းအချိုဆုံး ကွန်ပျူတာတစ်မျိုးကို တီထွင်ထုတ်လုပ်နိုင်ရန် ကြိုးပမ်းခဲ့ကြသည်။

အိန္ဒိယနိုင်ငံရှိ မူလတန်းကျောင်းများမှသည် တက္ကသိုလ်များအထိ ပညာဆည်းပူးနေသော ကျောင်းသား၊ ကျောင်းသူများအား ဈေးနှုန်းချိုသာသော ကွန်ပျူတာများ ထောက်ပံ့ပေးနိုင်ရန် အစိုးရက ရည်မှန်းချက်တစ်ရပ် ချမှတ်ထားကြောင်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး ကာပီးလ်ဆီဘယ်လ်က ပြောကြားသည်။

အိန္ဒိယနိုင်ငံရှိ လျှပ်စစ်ဓာတ်အားမရရှိသော ကျေးလက်ဒေသများ၌ ယင်းကွန်ပျူတာကို အသုံးပြုနိုင်စေရန် နေရောင်ခြည်စွမ်းအင်ဖြင့် စက်လည်ပတ်နိုင်ကြောင်း ၎င်းက ပြောကြားသည်။

အိန္ဒိယအစိုးရသည် နိုင်ငံတွင်းရှိ တက္ကသိုလ်၊ ကောလိပ်ပေါင်း ၂၂၀၀၀ တွင် ဘရော့ဘန်း အင်တာနက်စနစ်ကို တပ်ဆင်ပေးမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများက ရူပီး ၁၅၀၀ (၃၅ဒေါ်လာ)တန် လက်ပ်တော့ ကွန်ပျူတာဖြင့် အင်တာနက် ကြည့်ရှုလာနိုင်မည် ဖြစ်သည်။

အင်တာနက်။

အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှု အသိပညာပေး ဟောပြောပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၆

ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီ၏ ဦးဆောင်မှု၊ မြို့နယ်ကျန်းမာရေးကော်မတီ၏ စီစဉ်မှုဖြင့် သန်လျင်မြို့နယ်အတွင်း နာတာရှည်ရောဂါဝေဒနာရှင်များအား ပြည်သူလူထုအခြေပြု အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် အသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၂၃ ရက် နံနက်က သန်လျင်ပြည်သူ့ဆေးရုံ ခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ သန်လျင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးလှအောင်က အမှာစကားပြောကြားပြီး တိုင်းခုခံကျကာလသားရောဂါ တိုက်ဖျက်ရေးဆရာဝန်ကြီး ဒေါက်တာမျိုးသန့်၊ တိုင်းတီဘီရောဂါအထူးကု ဆရာဝန်ကြီး ဒေါက်တာစန်းစန်းရှိန်နှင့် တိုင်းအနာကြီးရောဂါ တိုက်ဖျက်ရေးဆရာဝန်ကြီး ဒေါက်တာသန်းဝင်းတို့က အသိပညာပေး ဟောပြောကြသည်။

ဆက်လက်၍ အဖွဲ့ဝင်များသည် အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှု ပေးပြီး ဆေးဝါးနှင့် အဟာရမုန့်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** (၅၂)



မီးဘေးကာကွယ်ရေး စစ်ဆေး

အင်းတော် ဇူလိုင် ၂၆

စစ်ကိုင်းတိုင်း အင်းတော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ဇူလိုင် ၁၂ ရက်က အင်းတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအောင်မိုး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းနိုင်ဦးနှင့် အဖွဲ့သည် မြို့မဈေးကြီးအတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်သွားရမည့် အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ (၂၃၃)

တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုးကော့သောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဘုရင့်နောင်အငူပတ်လမ်းလက်ရန်းသံတိုင်များနှင့် သံပိုက်လုံးများ တပ်ဆင်ထားရှိမှု၊ ပလက်ဖောင်းဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၇-၇-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။ မြဝတီအဖွင့်
၇း၀၅	၂။ တရားတော်
၇း၂၅	၃။ (အရှင်ဇနကာဘိဝံသ ထေရုပ္ပတ္တိ) လူတွင် တစ်ယောက်ဆို ရလောက်အောင် ထွန်းတောက်မည့်သူ
၇း၃၀	၄။ ဓမ္မပူဇာတေး
၇း၃၅	၅။ မျိုးချစ်တပ်မတော်
၇း၄၀	၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၄၅	၇။ မြန်မာသံစဉ်ချိုနားဝင်
၇း၅၀	၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၉။ အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၁။ အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၂။ အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၃။ ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။ မြဝတီအဖွင့်
၄း၀၅	၂။ အဖွင့်သီချင်း
၄း၁၀	၃။ အမျိုးသားရေးတေးကဗျာ
၄း၂၀	၄။ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅	၅။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄း၅၅	၆။ မျိုးချစ်တပ်မတော်
၅း၁၀	၇။ မြန်မာသံစဉ်ချိုနားဝင်
၅း၂၅	၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၃၅	၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၄၀	၁၀။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း မိုးသောက်ကြယ်(အပိုင်း-၄)**
၆း၀၀	၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၀	၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၆း၃၀	၁၄။ အောင်မြင်ခြင်းလမ်းမ
၆း၄၀	၁၅။ အကြင်နာလက်တစ်စုံ
၇း၀၀	၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ရင်နှစ်သည်းချာ (အပိုင်း-၅၂)**
၈း၀၀	၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။ နိုင်ငံတကာသတင်း
	၁၉။ မိုးလေဝသသတင်း
	၂၀။ အမျိုးသားရေးတေးကဗျာ
	၂၁။ မွေးမြူသုတ
	၂၂။ ဟာသရုပ်စုံ
	၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ကမ္ဘည်းတွင်မယ့် ချင်သူရဲကောင်း (အပိုင်း-၃၉)**
	၂၅။ သင့်အတွက်မနက်ဖြန်
	၂၆။ အပိတ်နှုတ်ဆက်စကား
	၂၇။ ပြီးပါပြီ။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြင်ဦးလွင်မြို့နယ် ရတနာပုံမြို့သစ်၌ ကုမ္ပဏီများမှ ထုတ်လုပ်သော မိုဘိုင်း ဆက်သွယ်ရေး စက်ပစ္စည်းများ တပ်ဆင်နေမှုကို ၂၀၁၀ ခုနှစ် ဧပြီ ၁၅ ရက်က ကြည့်ရှုစစ်ဆေးစဉ်။

○ **ရှေ့ဖုံးမှ**

၃၁၀ သာ ရှိခဲ့ရာမှ ယခုအခါ ၅၁၃ ရုံးအထိတိုးမြှင့် ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ကြေးနန်းရုံး ၂၀၃ရုံး တိုးတက်ဖြစ်ထွန်း လာခဲ့သည်ကို တွေ့ရှိရသည်။ ဖက်စ်အသုံးပြုမှု အနေဖြင့် ယခင်က ၁၀ ခုသာ ရှိခဲ့ရာမှ လက်ရှိကာလတွင် ၅၃၈၅ ခုထိရှိလာခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် ကွန်ပျူတာကြေးနန်း လုံးဝမရှိရာမှ ယခုအခါ ကွန်ပျူတာကြေးနန်း အသုံးပြုနိုင်မှုမှာ ၁၄၀ ခုထိ တိုးတက်ဖြစ်ထွန်းလာခဲ့ပြီဖြစ်သည်။

ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များထဲတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ တယ်လီဖုန်းဆက်သွယ်ရေး လုပ်ငန်း တိုးတက်ဖြစ်ထွန်းမှုများကို ပိုမိုသိသာထင်ရှားစွာ တွေ့မြင်နိုင်သည်။ အော်တိုတယ်လီဖုန်းလုပ်ငန်းများနှင့် မိုဘိုင်းတယ်လီဖုန်းလုပ်ငန်းများကို တိုးချဲ့တပ်ဆင်ပေးနိုင်ခဲ့မှုကြောင့် ၁၉၈၈ ခုနှစ်၌ တယ်လီဖုန်းသိပ်သည်းဆ လူ ၁၀၀၀ လျှင် ၁ ဒသမ ၉၂ သာရှိခဲ့ရာမှ ယခု ၂၀၁၀ ခုနှစ်တွင် တယ်လီဖုန်းသိပ်သည်းဆ ၃၇ ဒသမ ၇၈ အထိ အချိုးအဆကြီးမားစွာ မြင့်တက်လာသည်ကို လေ့လာတွေ့ရှိရသည်။

ဤသို့ဖြစ်ထွန်းမှုများကို ကိန်းဂဏန်းများဖြင့် သက်သေပြုရပါသော်-

ငင်းအပြင် ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အလျဉ်မပြတ် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာတွင် မဝေးတော့သောအနာဂတ်၌ ဖြစ်တည်လာတော့မည့် ဆောင်ရွက်ဆဲ

၁၉၈၈ ခုနှစ်နောက်ပိုင်း နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်လာသော ဆက်သွယ်ရေးကဏ္ဍ

အမျိုးအစား	ရေတွက်ပုံ	၁၉၈၈	၂၀၁၀	တိုးတက်မှု
စာတိုက်စခန်း	ခု	၁၁၁၄	၁၃၇၅	၂၆၁
ကြေးနန်းရုံး	ရုံး	၃၁၀	၅၁၃	၂၀၃
ဖက်စ်စီမီလီ	ခု	၁၀	၅၃၈၅	၅၃၇၅
ကွန်ပျူတာကြေးနန်း	ခု	-	၁၄၀	၁၄၀
တယ်လီဖုန်းရုံး				
- Digital အော်တိုအိတ်ချိန်း	ရုံး	၅၂	၃၇၅	၃၆၃
- လက်လှည့်အိတ်ချိန်း	ရုံး	၂၁၁	၃၀၆	၉၅
- ကျေးလက်တယ်လီဖုန်းအိတ်ချိန်း	ရုံး	-	၂၃၃	၂၃၃
လိုင်းအင်အား	လိုင်း	၇၄၈၅၅	၂၁၇၂၄၃၄	၂၀၉၇၅၇၉
- အော်တိုတယ်လီဖုန်း	လိုင်း	၇၄၈၅၅	၈၆၆၀၈၄	၇၉၁၂၂၉
- ARTS ရေဒီယိုတယ်လီဖုန်း	လုံး	-	၃၈၅၆	၃၈၅၆
- DECT ရေဒီယိုတယ်လီဖုန်း	လုံး	-	၁၉၄၉	၁၉၄၉
- CDMA(Fixed) တယ်လီဖုန်း	လုံး	-	၂၀၀၃၈	၂၀၀၃၈
မိုဘိုင်းတယ်လီဖုန်း	လုံး	-	၁၃၀၆၃၅၀	၁၃၀၆၃၅၀
- CDMA (Mobile)တယ်လီဖုန်း	လုံး	-	၅၄၅၆၅၀	၅၄၅၆၅၀
- CDMA 800	လုံး	-	၁၅၀၀၀၀	၁၅၀၀၀၀
- D-AMPS တယ်လီဖုန်း	လုံး	-	၃၈၄၀၀	၃၈၄၀၀
- GSM တယ်လီဖုန်း	လုံး	-	၄၉၄၃၀၀	၄၉၄၃၀၀
- WCDMA တယ်လီဖုန်း	လုံး	-	၂၈၀၀၀	၂၈၀၀၀
- Mc WLL တယ်လီဖုန်း	လုံး	-	၅၀၀၀၀	၅၀၀၀၀
တယ်လီဖုန်းသိပ်သည်းဆ	(လူ ၁၀၀၀ လျှင်)	၁. ၉၂	၃၇. ၇၈	၃၅. ၈၆
အီးမေးလ်/အင်တာနက်	ခု	-	၈၅၄၈	၈၅၄၈
ပြည်တွင်းဂြိုဟ်တုဆက်သွယ်ရေးမြေပြင်စခန်း	ခု	-	၁၇၇၃	၁၇၇၃
ပြည်တွင်းဂြိုဟ်တုဆက်သွယ်ရေးချန်နယ်	ခု	-	၇၀၉၂	၇၀၉၂
အပြည်ပြည်ဆိုင်ရာတယ်လီဖုန်းချန်နယ်	ခု	၂၆	၃၈၁၆	၃၇၉၀
အဝေးဆက်သွယ်ရေးဆက်ကြောင်းများ				
- ပြည်ပဂြိုဟ်တုဆက်သွယ်ရေးမြေပြင်စခန်း	ခု	၁	၂	၁
- ပြည်ပဂြိုဟ်တုဆက်သွယ်ရေးချန်နယ်	ခု	၂၆	၈၀၄	၇၇၈
- ပြည်ပရေအောက်ကေဘယ်လ်ဆက်သွယ်ရေးချန်နယ်	ခု	-	၁၈၁၅	၁၈၁၅
- ဖိုင်ဘာကေဘယ်ဆက်ကြောင်း	မိုင်	-	၈၄၇၀	၈၄၇၀
- ကုန်းတွင်းနယ်စပ်ဖြတ်ကျော် ဖိုင်ဘာကေဘယ်လ် ဆက်ကြောင်း	ခု	-	၁၁၉၇	၁၁၉၇
- Digital မိုက္ကရိုဝေ့ဗ်ဆက်ကြောင်း	စခန်း	-	၃၁၂	၃၁၂
- အင်နာလော့ဂ် မိုက္ကရိုဆက်ကြောင်း	စခန်း	၇၁	-	Digital ပြောင်း
- ကယ်ရီယာ	စခန်း	၁၂၄	-	Digital ပြောင်း

ဒေ သ ၏ လူမှုစီးပွားနှင့် ပညာရေး ဖွံ့ဖြိုးတိုးတက်မှုတို့ကို ဆောင်ကြဉ်းပေးသည့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မို က္က ရို ဝေ့ ဗ် စခန်းနှင့် တာဝါ တိုင် တို့ကို တွေ့ရစဉ်။



ဆယ်စုနှစ် နှစ်စုနီးပါးအတွင်း ဆက်သွယ်ရေးကဏ္ဍအသစ်များစွာတို့သည် ပြည်သူတို့၏ လူနေမှုဘဝကို ထူးခြားစွာ ပြောင်းလဲစေခဲ့သည်။ လူမှုရေး၊ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေးတို့တွင် သိသာထင်ရှားသော ပြောင်းအလဲအသစ်များ အကျိုးသက်ရောက်မှုများကို ဖြစ်ပေါ်စေခဲ့ပြီဖြစ်။

တက် ဝင်းအပြင် ဆက်သွယ်ရေးကဏ္ဍ
တွေ့ရှိရ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက်
အလျဉ်မပြတ် အရှိန်အဟုန်ဖြင့်
ကိန်း ဆောင်ရွက်လျက်ရှိရာတွင် မဝေး
သပြုရ တော့သောအနာဂတ်၌ ဖြစ်တည်
လာတော့မည့် ဆောင်ရွက်ဆဲ

...စ်ဝန်း
...ရေးကဏ္ဍ

၂၀၁၀	တိုးတက်မှု
၁၃၇၅	၂၆၁
၅၁၃	၂၀၃
၅၃၈၅	၅၃၇၅
၁၄၀	၁၄၀
၃၇၅	၃၆၃
၃၀၆	၉၅
၂၃၃	၂၃၃
၂၁၇၂၄၃၄	၂၀၉၇၅၇၉
၈၆၆၀၈၄	၇၉၁၂၂၉
၃၈၅၆	၃၈၅၆
၁၉၄၉	၁၉၄၉
၂၀၀၃၈	၂၀၀၃၈
၁၃၀၆၃၅၀	၁၃၀၆၃၅၀
၅၄၅၆၅၀	၅၄၅၆၅၀
၁၅၀၀၀၀	၁၅၀၀၀၀
၃၈၄၀၀	၃၈၄၀၀
၄၉၄၃၀၀	၄၉၄၃၀၀
၂၈၀၀၀	၂၈၀၀၀
၅၀၀၀၀	၅၀၀၀၀
၃၇.၇၈	၃၅.၈၆
၈၅၄၈	၈၅၄၈
၁၇၇၃	၁၇၇၃
၇၀၉၂	၇၀၉၂
၃၈၁၆	၃၇၉၀
၂	၁
၈၀၄	၇၇၈
၁၈၁၅	၁၈၁၅
၈၄၇၀	၈၄၇၀
၁၁၉၇	၁၁၉၇
၃၁၂	၃၁၂
-	Digital ပြောင်း
-	Digital ပြောင်း

လုပ်ငန်းများကို ဤသို့လေ့လာ တွေ့ရှိရသည်။

- တည်ဆောက်ဆဲ ဒီဂျစ်တယ်မိုက်ကရိုဝေ့ဗ် စခန်းပေါင်း - ၈၁ ခု

အော်တိုတယ်လီဖုန်းတပ်ဆင်ထားရှိမှုအခြေအနေ

- တပ်ဆင်ဆဲအိတ်ချိန်း - ၈၀ (၃၅၉၆၆ လိုင်း)

မိုဘိုင်းတယ်လီဖုန်းစနစ်များတပ်ဆင်မှု

- ဆောင်ရွက်ဆဲ GSM ရေဒီယိုစခန်း - ၃၀ ခု (၆၁၄၀၀ လိုင်း)

CDMA-450 မိုဘိုင်းဖုန်း(ယာဉ်တင်)

- ဆောင်ရွက်ဆဲစခန်း - ၁၅၁ ခု (၂၈၁၀၀၀ လိုင်း)

CDMA-800 WLL မိုဘိုင်းဖုန်း

- ဆောင်ရွက်ဆဲစခန်း - ၄၂ ခု (၁၀၀၀၀၀ လိုင်း)

MPT Satellite Terminal စီမံကိန်းကို မြန်မာနိုင်ငံတစ်ဝန်း ဝေးလံခေါင်ဖျားဒေသများ၊ ဆက်သွယ်ရေး ခက်ခဲသော ပြည်နယ်နှင့် တိုင်းအသီးသီးရှိ ဒေသများနှင့် နယ်စပ်ဒေသများတွင် ဆက်သွယ်မှု လွယ်ကူလာစေပြီး လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးကဏ္ဍများ တိုးတက်ဖွံ့ဖြိုးစေရန် ရည်ရွယ်၍ ၂၀၀၄ ခုနှစ်တွင် ထိုင်းနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ ဤစီမံကိန်း ဆောင်ရွက်ပြီးစီးခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းရှိ ဝေးလံခေါင်ဖျားသော ဒေသအသီးသီးတို့တွင် MPT Satellite Terminal စခန်းများမှတစ်ဆင့် တယ်လီဖုန်း၊ ဖက်စ်၊ အင်တာနက် ဆက်သွယ်ဆောက်ခြင်းလုပ်ငန်းကို ၁၆-၇-၂၀၀၄ ခုနှစ်တွင် စတင် အကောင်အထည်ဖော်ခဲ့ပြီး ယခုအခါ မိုဘိုင်းဖုန်းစနစ် အမျိုးအစားသစ်များဖြင့် တစ်နိုင်ငံလုံး ဆက်သွယ်ပြောဆိုနိုင်ရုံသာမက ပြည်ပနိုင်ငံများ၊ အင်တာနက်များကိုပါ ချိတ်ဆက်ပြောဆို အသုံးပြုလာနိုင်သည်အထိ ဆက်သွယ်ရေးနည်းပညာ မြင့်မားဖွံ့ဖြိုးလာအောင် စွမ်းဆောင်နိုင်ခဲ့ပြီးဖြစ်သည်။ ဆယ်စုနှစ် နှစ်စုနီးပါးအတွင်း ဆက်သွယ်ရေးကဏ္ဍအသစ်များစွာတို့သည် ပြည်သူတို့၏ လူနေမှုဘဝကို ထူးခြားစွာ ပြောင်းလဲစေခဲ့သည်။ လူမှုရေး၊ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေးတို့တွင် သိသာထင်ရှားသော ပြောင်းအလဲ



နိုင်ငံတစ်ဝန်း CDMA - 450 ယာဉ်တင် တယ်လီဖုန်းစနစ် တပ်ဆင်ထားရှိမှုကို တွေ့ရစဉ်။

မှုများ လွယ်ကူစွာ ဆောင်ရွက်နိုင်ပြီဖြစ်သည်။

မိုဘိုင်းစနစ်

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် အခြားနယ်မြို့များတွင် ဆက်သွယ်မှုများ လွယ်ကူစေရန်အတွက် G.S.M မိုဘိုင်းစနစ် တည်

အသစ်များ အကျိုးသက်ရောက်မှုများကို ဖြစ်ပေါ်စေခဲ့ပြီဖြစ်သည်။

ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ၂၀၀၉-၂၀၁၀ ခုနှစ် စီမံကိန်းဆောင်ရွက်ချက်ကို လေ့လာပါက စာတိုက်လုပ်ငန်း အသစ်ဖွင့်လှစ်ခြင်း ခုနစ်ရုံး၊ စာတိုက်အဆင့်မြှင့်တင်ခြင်း ၁၉ ရုံး၊

ခံ့ညားထည်ဝါ

နေပြည်တော် အော်တိုအိတ်ချိန်းနှင့် နည်းပညာဌာန အဆောက်အအုံကို ခံ့ညားထည်ဝါစွာ တွေ့ရစဉ်။

ကြေးနန်းအသစ်ဖွင့်လှစ်ခြင်း သုံးရုံး၊ အဆင့်မြှင့်တင်ခြင်း လေးရုံး၊ အော်တိုတယ်လီဖုန်းလိုင်းအင်အား ၄၅၆၂၀၊ မိုဘိုင်းတယ်လီဖုန်းလိုင်းအင်အား ၉၁၅၄၀၊ အိတ်ချိန်းပေါင်း ၄၆ ရုံးနှင့် အဝေးဆက်သွယ်ရေး မိုက်ကရိုဝေ့ဗ်ဆက်ကြောင်း ၁၄ ခု အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြောင်း တွေ့ရှိရသည်။

ပြည်ပဆက်သွယ်ရေး

ထို့ပြင် ပြည်ပဆက်သွယ်ရေးဆက်ကြောင်းအနေဖြင့် ဂြိုဟ်တုဆက်သွယ်ရေးစနစ်၊ ဖိုက်ဘာဆက်သွယ်ရေးစနစ်၊ ရေအောက်ကေဘယ်လ် ဆက်သွယ်ရေးစနစ်၊ နယ်စပ်ဖြတ်ကျော် ဆက်သွယ်ရေးစနစ်များဖြင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပြီး အပြည်ပြည်ဆိုင်ရာဆက်သွယ်ရေး ချန်နယ်ပေါင်း ၃၃၆၉ ရှိကာ မိုက္ကရိုဝေ့ဗ်ဆက်ကြောင်း ၁၂ ခု ထပ်မံ တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။

အင်တာနက်

ထိုမှုမက အင်တာနက်သုံးစွဲမှု ပိုမိုမြန်ဆန်စေပြီး နယ်မြို့အများအပြားတွင်ပါ အင်တာနက်ရောက်ရှိ အသုံးပြုနိုင်ရန်အတွက် နယ်စပ်ဖြတ်ကျော် ဆက်သွယ်ထားသည့် ကေဘယ်လ်လိုင်းများနေရာတွင် မြန်နှုန်းမြင့် Fibre - Optics (အလင်းဖန်မျှင်) လိုင်းများဖြင့် အစားထိုးသုံးစွဲခြင်းဖြင့် ယခင်ထက် အင်တာနက်သုံးစွဲမှု ပိုမိုမြန်ဆန်လာပြီး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန် လုပ်ဆောင်လျက်ရှိသည်။

ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့ အော်တိုအိတ်ချိန်း အဆောက်အအုံကို တွေ့ရစဉ်။

ထို့အတူပင် အီလက်ထရွန်နစ် ဆက်သွယ်ရေးနည်းစနစ်ကိုကျယ်ကျယ်ပြန့်ပြန့် အသုံးပြု၍ ရုံးလုပ်ငန်းများ စီမံခန့်ခွဲမှုပြုနိုင်ရန် e-Government စနစ်ကို အကောင်အထည်ဖော်လျက်ရှိသည်။ အဆိုပါစနစ်သည် စာရွက်စာတမ်းများ၊ သတင်းအချက်အလက် ဖလှယ်နိုင်သည့် ရုံးတွင်း သတင်းအချက်အလက်စနစ်၊ အစီရင်ခံစာများ၊ ညွှန်ကြားချက်များကို ဌာနဆိုင်ရာများတွင် လက်ရှိကျင့်သုံးနေသော မူရင်းပုံစံမပျက်စေဘဲ အိုင်စီတီနည်းပညာအသုံးပြု၍ ဝန်ကြီးဌာနအချင်းချင်း ပိုမိုထိရောက်လွယ်ကူလျင်မြန်စွာ အသုံးပြုနိုင်ပြီး ဝန်ထမ်းများ၏ ကိုယ်ရေးအချက်အလက်များကို သိမ်းဆည်း၍ စီမံခန့်ခွဲနိုင်သော ဝန်ထမ်းအချက်အလက် မှတ်တမ်းစနစ်တစ်ခုဖြစ်သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✳

ဧရာဝတီတိုင်း အမာမြို့ CDMA - 450 ရေဒီယိုစခန်းကို တွေ့ရစဉ်။

* စာမျက်နှာ ၉ မှ

ထို့ပြင် e-Banking System, e-Passport, e-Credit, e-Liberary, e-Learning Center စသည်ဖြင့် အီလက်ထရွန်နစ်နှင့် ဆက်သွယ်ရေး နည်းပညာများ ပေါင်းစပ် အသုံးပြုလာနိုင်သဖြင့် ပြည်တွင်းသာမက အပြည်ပြည်ဆိုင်ရာနှင့်ပါ ဆက်သွယ်ဆောင်ရွက်နိုင်မှု ပိုမိုလွယ်ကူလာလျက်ရှိသည့်အပြင် ဆက်သွယ်ရေးဆက်စပ်ပစ္စည်းများကိုလည်း ပြည်တွင်းတွင် ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန်နှင့် ဆက်သွယ်ရေးလုပ်ငန်းများ အခြေချဖွံ့ဖြိုးတိုးတက်သော အီလက်ထရွန်နစ်စက်မှုမြို့ ဖြစ်တည်ပေါ်ပေါက်လာစေရန် ရတနာပုံမြို့သစ်ကို အကောင်အထည်ဖော်၍ လုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်လျက်ရှိသည်။

ယနေ့ကာလ နိုင်ငံတစ်ဝန်း ပေါ်ပေါက်လာသော အင်တာနက်ကဖေးများ၊ ဖက်စ်၊ အီးမေးလ် ဝန်ဆောင်မှု လုပ်ငန်းများက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာသော ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ဆက်သွယ်ရေးကဏ္ဍ၏ ဖွံ့ဖြိုးတိုးတက်မှုများပင်ဖြစ်သည်။

နေပြည်တော်နှင့် ဆက်စပ်ဒေသအသီးသီး၏ စာပို့တိုက် ဝန်ဆောင်မှုကို အပြည့်အဝ ဆောင်ရွက်ပေးနေသည့် နေပြည်တော် ဗဟိုစာတိုက်ကြီးကို တွေ့ရစဉ်။

အထက်ပါ ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံတော် အစိုးရက ဆောင်ရွက်လျက်ရှိသည့် များပြောင်လှစွာသော ဖွံ့ဖြိုးရေးကဏ္ဍများစွာထဲမှ တစ်ခုပင်ဖြစ်သည်။ နိုင်ငံတော် အစိုးရသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် အခက်အခဲများစွာကို ရင်ဆိုင်ကျော်လွှားပြီး အနာဂတ်နိုင်ငံတော်နှင့် ပြည်သူများ၏ ရေရှည်အကျိုးစီးပွားကို ရည်မျှော်၍ မယိမ်းမယိုင် ခိုင်ခိုင်မတ်မတ် တစိုက်မတ်မတ် ဆက်လက်အကောင်အထည်ဖော်လျက် ရှိနေသည်။

နိုင်ငံတော်အစိုးရသည် တည်ငြိမ်အေးချမ်းမှု ရှိလာသည်နှင့်အမျှ တစ်နိုင်ငံလုံးလွှမ်းခြုံကာ အထူးဖွံ့ဖြိုးရေးဒေသကြီး(၂၄)ခု စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ပြည်နယ်/တိုင်း တစ်ခုနှင့် တစ်ခုအကြား အလပ်မရှိတော့ဘဲ အထူးစီမံကိန်းဝင် လမ်းမကြီးများ၊ အာဆီယံလမ်းမကြီးများ၊ ရထားလမ်းများ၊ မြစ်ကူး တံတားကြီးများ၊ ရေအားလျှပ်စစ်စက်ရုံများ၊ မဟာဓာတ်အားလိုင်းများ၊ တက္ကသိုလ်ကြီးများ ထင်ထင်ရှားရှား ဖြစ်ထွန်းပေါ်ပေါက်လာခဲ့ပြီ ဖြစ်သည်။

အထူးဖွံ့ဖြိုးရေးဒေသကြီးများ စီမံကိန်းနှင့်ယှဉ်တွဲ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ဖြစ်သော ကျေးလက်ဒေသများ၏ လမ်းပန်းဆက်သွယ်မှုချောမွေ့ကောင်းမွန်ရေး၊ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိရေး၊ ကျေးလက်ပြည်သူများ၏ ပညာရေးအဆင့်အတန်း မြင့်မားရေး၊ ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ရေးနှင့် ကျေးလက်ဒေသ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး လုပ်ငန်းများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မြို့ပြနှင့်ကျေးလက် ဖွံ့ဖြိုးတိုးတက်မှုများ ဒွန်တွဲဖြစ်တည် ဟန်ချက်ညီနေပေတော့သည်။ ထိုနည်းတူ ထပ်မံဖြည့်စွက် အကောင်အထည်ဖော်လျက်ရှိသော ကျေးလက်ဒေသ မီးလင်းရေးနှင့် ကျေးရွာတိုင်း စာကြည့်တိုက်များတည်ထောင်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးမူဝါဒများသည်လည်း လက်တွေ့အကောင်အထည်ပေါ်နေပြီဖြစ်ရာ ယင်းတို့နှင့် အပြန်အလှန်ယှဉ်တွဲလျက် ဆက်သွယ်ရေးကဏ္ဍသည်လည်း ရွာတိုင်းမလွဲ ဖြစ်ထွန်းအောင်ပွဲဆင်ပေတော့မည်။

ဤသို့ဤနှယ်သော အသစ်အသစ်ဖြစ်ထွန်း တိုးတက်မှုများဖြင့် ဖွံ့ဖြိုးဝေဆာလာသော၊ ပြည်ထောင်စုတစ်ဝန်းလုံးသို့ ချိတ်ဆက်ကွန်ရက်ဖွဲ့ထားသော ဆက်သွယ်ရေးကဏ္ဍ၏ ထူးခြားထက်မြက်သော စွမ်းဆောင်ဖြည့်ဆည်းမှုများကို ပြည်ထောင်စုသားများ လက်တွေ့ခံစားနေရပြီ ဖြစ်ပေသည်။ နိုင်ငံတော်၏ အစီမံဖြင့် ဆယ်စုနှစ် နှစ်စုမျှသော ကာလအတွင်း ထိုးထွင်းဖောက်ထွက် ဖွံ့ဖြိုးတိုးတက်လာသော ဆက်သွယ်ရေး နည်းပညာသစ်များကို ရယူအသုံးချကာ နိုင်ငံသူနိုင်ငံသားတို့၏ အကျိုးစီးပွားအတွက် တပ်ဆင်ချိတ်ဆက်ကွန်ရက်ဖြန့်ကြက်မှုဖြင့် နိုင်ငံတစ်ဝန်း အကြားအလပ်မရှိ လျင်လျင်မြန်မြန်နှင့် လွယ်လင့်တကူဆက်သွယ်ပေါင်းစည်းနိုင်ခြင်း၊ နိုင်ငံတကာ ဆက်သွယ်ရေး ကွန်ရက်များဖြင့် ချိတ်ဆက် ဆောင်ရွက်လာနိုင်ခြင်းတို့ကြောင့် အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍများသာမက စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍအသီးသီးတို့၏ တိုးတက်ဖြစ်ထွန်းမှုများကို သိသာထင်ရှားစွာ မြင်တွေ့လာရပြီ ဖြစ်သည်။ တစ်နည်းဆိုရသော် လက်ယှက်ထိုးကွက်ပြည့်ခင်းလျက် အင်အားတောင့်တင်းလှသည့် ဆက်သွယ်ရေးကွန်ရက်ဖြန့်ကြက်မှုဖြင့် နိုင်ငံတော်သစ်ကို ပုံဖော်တည်ဆောက်နေခြင်းပင် ဖြစ်သည်ဟု ရေးသားတင်ပြလိုက်ရပါသည်။ ။

တနင်္သာရီတိုင်း ကော့သောင်းမြို့ (၇)မိုင်ရှိ GSM စခန်း အဆောက်အအုံကို တွေ့ရစဉ်။

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ အော်တိုအိတ်ချိန်း အဆောက်အအုံကို တွေ့ရစဉ်။

ဆက်သွယ်ရေးကွန်ရက် ဖြန့်ကြက်လာနိုင်မှု ရလဒ်အဖြစ် မွန်ပြည်နယ် ကျိုက္ခမီ မိုက္ကရိုဝေ့ဗ်နှင့် CDMA.450 စခန်းကို တွေ့ရစဉ်။

တောင်တွင်းကြီးမြို့ CDMA စခန်း

မကွေးတိုင်း တောင်တွင်းကြီးမြို့ CDMA စခန်းက ဒေသ၏ ဆက်သွယ်ရေးလုပ်ငန်း ဖွံ့ဖြိုးလာမှုကို ဖော်ပြနေသည်။

တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ
တိုင်းမှူး ပိုလ်ချုပ်စိုးဝင်း တံခွန်စိုက်ဒိုင်းဆု တက်ရောက်ချီးမြှင့်

နေပြည်တော် ဇူလိုင် ၂၆

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၀ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ရှိ တိုင်းစစ်ဌာနချုပ်အားကစားရုံ၌ ကျင်းပရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်း၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ အိမ်ထောင်စုဝင်မိသားစုများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးနှင့် ဧည့်ပရိသတ်များသည် ဗိုလ်လုပွဲ ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုရအသင်းများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး တိုင်းမှူးက ပထမဆုရအသင်းအား တံခွန်စိုက်ဒိုင်းဆုကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လေဖိအားနည်းရပ်ဝန်း အားပျော့ပျက်ပြယ်

နေပြည်တော် ဇူလိုင် ၂၆

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရန်ကုန်တိုင်းတွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** နေပြည်တော်လယ်ဝေးတွင် သုညဒသမ ၆၃လက်မ၊ မောင်တောမြို့တွင် ၄ဒသမ ၅၃လက်မ၊ ဖျာပုံမြို့တွင် ၃ဒသမ ၉၇လက်မ၊ ကော့သောင်းမြို့တွင် ၃ဒသမ ဝ၇လက်မ၊ ပူတာအိုမြို့တွင် ၂ဒသမ ၈၃လက်မ၊ မချမ်းဘောမြို့တွင် ၂ဒသမ ၅၆လက်မ၊ ပြည်မြို့နှင့် ခရမ်းမြို့တို့တွင် ၂ဒသမ ၄ဝလက်မစီနှင့် ရန်ကုန်(မြို့လယ်)တွင် ၂ဒသမ ၂ဝလက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ယနေ့မြန်မာစံတော်ချိန် ၁၂နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသောလေဖိအားနည်းရပ်ဝန်းသည် အားပျော့ပျက်ပြယ်သွားပြီဖြစ်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

ဇူလိုင် ၂၇ ရက် ညနေထိခန့်မှန်းချက်။ ။ စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကယားပြည်နယ်နှင့်မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ရှမ်းပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈ဝဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄ဝ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈ဝ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈ဝ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈ဝ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်(၃၂ဒသမ ၇ဒီဂရီစင်တီဂရိတ်)၉၁ ဒီဂရီဖာရင်ဟိုက် ၂၅-၇-၂၀၁၀
အနိမ့်ဆုံးအပူချိန်(၂၄ဒသမသုညဒီဂရီစင်တီဂရိတ်)၇၅ဒီဂရီဖာရင်ဟိုက် ၂၆-၇-၂၀၁၀
၉း၃ဝ နာရီအချိန် စိုထိုင်းဆ ၈၄ရာခိုင်နှုန်း ၂၆-၇-၂၀၁၀
နေပူသည့်နာရီပေါင်း ၃ ဒသမ ၅နာရီ ၂၅-၇-၂၀၁၀

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၂၆-၇-၂၀၁၀	၃ဝမမ (၁ဒသမ ၁၉လက်မ)	၃၇မမ (၁ဒသမ ၄၆လက်မ)	၅၆မမ (၂ဒသမ ၂ဝလက်မ)
၁-၁-၂၀၁၀မှ ယနေ့အထိ	၁၀၀၅မမ (၃၉ဒသမ၅၇လက်မ)	၁၁၆ဝမမ (၄၅ဒသမ၆၇လက်မ)	၁၃၉၁မမ (၅၄ဒသမ၇၆လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၅-၇-၂၀၁၀ ရက် ၆း၃ဝ နာရီတွင် အနောက်တောင်ဘက်မှ တစ်နာရီ ကိုးမိုင်နှုန်း တိုက်ခတ်သည်။

အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) တက္ကသိုလ်/ဒီဂရီကောလိပ်ပေါင်းစုံ ပိုက်ကျော်ခြင်း ကွာတားဖိုင်နယ်နှင့် ဆီမီးဖိုင်နယ်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဇူလိုင် ၂၆

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) တက္ကသိုလ်/ဒီဂရီကောလိပ်ပေါင်းစုံ ပိုက်ကျော်ခြင်း(အမျိုးသား)ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို မန္တလေးတက္ကသိုလ် အားကစားရုံ(Open Shed)တွင် ဇူလိုင် ၂၅ရက် နံနက်ပိုင်းက ဆက်လက်ကျင်းပရာ မိတ္ထီလာတက္ကသိုလ်အသင်းက တောင်ကြီးတက္ကသိုလ်အသင်းကိုလည်းကောင်း၊ ရတနာပုံတက္ကသိုလ်အသင်းက မုံရွာတက္ကသိုလ်အသင်းကို လည်းကောင်း၊ ကျောက်ဆည်တက္ကသိုလ်အသင်းက ကလေးတက္ကသိုလ်အသင်းကို လည်းကောင်း၊ လားရှိုးတက္ကသိုလ်အသင်းက ရွှေဘိုဒီဂရီကောလိပ်အသင်းကို လည်းကောင်း အနိုင်ရရှိကြသည်။

ယင်းနောက် မွန်းလွဲ၂နာရီတွင် ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဆက်လက်ကျင်းပရာ ရတနာပုံတက္ကသိုလ်အသင်းက မိတ္ထီလာတက္ကသိုလ်အသင်းကိုလည်းကောင်း၊ လားရှိုးတက္ကသိုလ်အသင်းက ကျောက်ဆည်တက္ကသိုလ်အသင်းကိုလည်းကောင်း အသီးသီးအနိုင်ရရှိကြကြောင်းနှင့် ဇူလိုင်၂၇ရက် နံနက်၈နာရီတွင် ရတနာပုံတက္ကသိုလ်အသင်းနှင့် လားရှိုးတက္ကသိုလ်အသင်းတို့၏ဗိုလ်လုပွဲ ၊ဆုပေးပွဲနှင့် ပိတ်ပွဲအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အိမ်ရာအဆောက်အအုံနှင့် နေထိုင်မှုပြပွဲ (၂၀၁၀)တွင် Supercool ကားတာယာပြခန်း ပါဝင်ပြသစဉ်။

(သတင်းစဉ်)

ဇူလိုင်၂၅ရက်က ရန်ကုန်မြို့ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ခင်းကျင်းပြသလျက်ရှိသော အိမ်ရာအဆောက်အအုံနှင့် နေထိုင်မှုပြပွဲ (၂၀၁၀) ပြပွဲတွင် Massimo Luxury Leather Sofa ပြခန်းကိုတွေ့ရစဉ်။ (သတင်းစဉ်)

အိမ်ရာအဆောက်အအုံနှင့် နေထိုင်မှုပြပွဲ (၂၀၁၀) Supercool ကားတာယာပြခန်း ပါဝင်ပြသ

ရန်ကုန် ဇူလိုင် ၂၆

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိတပ်မတော်ခန်းမ၌ အိမ်ရာအဆောက်အအုံနှင့် နေထိုင်မှုပြပွဲ (၂၀၁၀) ကို ယနေ့တွင် တတိယမြောက်နေ့အဖြစ် ပြသလျက်ရှိရာ ပြပွဲလာ ပရိသတ်များအတွက် Htoo Group of Companies လက်အောက်ရှိ Aureum Palace Hotels-Resorts မှ စားသောက်ဖွယ်ရာများကို ဈေးနှုန်းချိုသာစွာဖြင့် တည်ခင်းရောင်းချလျက်ရှိသည်။

အဆိုပါပြပွဲတွင် Supercool တာယာပြခန်းလည်း ပါဝင်ပြသလျက်ရှိရာ ၎င်းပြခန်းတွင် နိုင်လွန်စတီး (Radial) တာယာတပ်ဆင် မောင်းနှင်နေသော မော်တော်ကားကြီးများ၏ တာယာမျက်နှာပြင် အပေါက်အကွဲများ၊ ဘေးနံရံအကွဲဒဏ်ရာများကြောင့် မောင်းနှင်၍ မရတော့သော တာယာများကို မူလပကတိအတိုင်း အသုံးပြုနိုင်ရန် ပြုပြင်ပေးခြင်း၊ ပန်းသားကုန်အောင် မောင်းနှင်ပြီးသော ကားတာယာများကို အသစ်ကဲ့သို့ ပြန်လည်အသုံးပြုနိုင်ရန် အအေးပေါင်းစနစ်ဖြင့် ပန်းသားအသစ် တပ်ဆင်ခြင်းလုပ်ငန်းအား Kyi Brothers Industries Co.,Ltd. က တစ်နေ့လျှင်တာယာအလုံး ၂၀၀ အထိ ထုတ်လုပ်နိုင်သော ခေတ်မီစက်သစ်ကြီးများဖြင့် နိုင်ငံခြားသား Superviser ပညာရှင်များဖြင့် ပြုပြင်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ Supercool အမှတ်တံဆိပ်ပါ Retread Tyreများကို အမှတ်(၁၇၀)၊ ဦးတရုတ်ကြီးလမ်း၊ လှိုင်သာယာစက်မှုဇုန် (၄)၊ ရန်ကုန်မြို့၊ ဖုန်း-၇၂၈၃၅၁၊ ၆၈၅၁၄၄ နှင့် ၆၈၅၇၇၈ မှ ထုတ်လုပ်ရောင်းချလျက်ရှိကြောင်း သိရသည်။

Supercool တာယာနှင့် ဆက်သွယ်ရရှိနိုင်သည့် လိပ်စာများမှာ ရန်ကုန်အရောင်းပြခန်း - အမှတ် (ဈ/၁၉)၊ ဘုရင့်နောင်ဈေးရှေ့၊ဘုရင့်နောင်ပွဲရုံလမ်း၊ဖုန်း-၆၈၁၇၉၄၊ မန္တလေးအရောင်းပြခန်း - အမှတ်(၁၆)၊ ၃၆လမ်း၊ ၈၂ လမ်းနှင့် ၈၃ လမ်းကြား၊ မန္တလေးမြို့၊ ဖုန်း - ၀၉-၈၅၁၆၀၁၆၊ မော်လမြိုင်ကိုယ်စားလှယ် - အမှတ် (၁၄) ဈေးချိုကားကြီးအဝေးပြေးဝင်း မော်လမြိုင်မြို့၊ဖုန်း- ၀၉- ၈၇၀၀၁၇၇၊ ပဲခူးမြို့ကိုယ်စားလှယ် - အမှတ် (၅၇/ခ) သွန်းဘုရားလမ်း သွန်းဘုရားရပ် ပဲခူးမြို့ ဖုန်း - ၀၉-၅၁၄၀၆၉၅ တို့ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မန်ယူနောက်ခံလူ ဖာဒီနန် ခြောက်ပတ်ခန့်နားရမည်

လန်ဒန် ဇူလိုင် ၂၆

မန်ယူအသင်းမှအင်္ဂလန်နောက်တန်းကစားသမား ဖာဒီနန်သည် ဒူးဒဏ်ရာကြောင့် နောက်ထပ် ခြောက်ပတ်ခန့် အနားယူရဦးမည်ဖြစ်ကြောင်း အသင်းနည်းပြ ဖာဂူဆန်က ပြောကြားလိုက်သည်။

အသက် (၃၁)နှစ်ရှိပြီဖြစ်သည့် ဖာဒီနန်သည် ဒဏ်ရာကြောင့် ၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲဝင် အင်္ဂလန်အသင်းတွင် ပါဝင်ခွင့်မရခဲ့သည့်အပြင် ယခုမန်ယူအသင်းတွင်လည်း ပွဲစဉ်အချို့ကို ထပ်မံလွဲချော်ရဦးမည်ဖြစ်သည်။ ထို့အပြင် တိုက်စစ်မှူး မိုက်ကယ်အိုဝင်မှာလည်း မန်ယူအသင်း၏ ပွဲစဉ်အချို့ကို လွဲချော်မည်ဖြစ်ပြီး ညာနောက်ခံလူ ဂယ်ရီနဗီးလ်မှာမူမန်ယူအသင်းတွင်ပြန်လည်ဝင်ရောက်ကစားရန်အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်းလည်း သိရသည်။ ***အင်တာနက်။***

ကိုလာရော့ဗ်အား ပေါင် ၁၆ သန်းဖြင့် မန်စီးတီး ခေါ်ယူ

လန်ဒန် ဇူလိုင် ၂၆

၂၀၁၀-၂၀၁၁ ဘောလုံးရာသီအတွက် ပရီမီယာလိဂ်တွင် ပြုပြင်ပြောင်းလဲမှုအများအပြား ပြုလုပ်နေသည့် မန်စီးတီးအသင်းသည် လာဇီယိုအသင်းမှ ဘယ်နောက်ခံလူ ကိုလာရော့ဗ်အား ပေါင် ၁၆ သန်းဖြင့် အပြီးသတ် ခေါ်ယူနိုင်ခဲ့ပြီဖြစ်သည်။

အသက်(၂၄)နှစ်အရွယ်ရှိ ကိုလာရော့ဗ်သည် မန်စီးတီးအသင်းနှင့် ငါးနှစ်စာချုပ် ချုပ်ဆိုခဲ့သည်။ ကိုလာရော့ဗ်သည် မန်စီးတီးအသင်းတွင်နံပါတ်(၃)အင်္ကျီကိုဝတ်ဆင်ကစားမည်ဖြစ်သည်။ ***အင်တာနက်။***

ခြောက်ပတ်ခန့် ထပ်မံအနားယူရဦးမည့် မန်ယူနောက်ခံလူ ဖာဒီနန်။

ဖာနန်ဒိုတောရက်စ် အသင်းမှ ထွက်ခွာဖွယ်ရာရှိ လီဗာပူးအသင်း ဒီယေဂိုဖော်လန်ကို ပစ်မှတ်ထားလာ

လန်ဒန် ဇူလိုင် ၂၆

မန်စီးတီးနည်းပြ မန်စီနီသည် လီဗာပူးတိုက်စစ်မှူး ဖာနန်ဒိုတောရက်စ်အား ပေါင်သန်း ၅ဝပေး၍ ခေါ်ယူရန် ကြိုးပမ်းလျက်ရှိနေကြောင်း သိရသည်။ ထို့အပြင် လီဗာပူးအသင်း၏ အဓိကအားထားရသည့် အသင်းခေါင်းဆောင် ဂျရတ်ကိုလည်း ရီးယဲလ်မက်ဒရစ်အသင်းက ခေါ်ယူရန် ပစ်မှတ်ထားလာသည်။

မန်စီးတီးအသင်းသို့ ပေါင် ၁၆ သန်းဖြင့် ရောက်ရှိလာသည့် ကိုလာရော့ဗ်။

မန်စီးတီးအသင်း၏ ငွေကြေးမက်လုံးပေး ကြိုးစားလာမှုကြောင့် လီဗာပူးအနေဖြင့် ဖာနန်ဒိုတောရက်စ်ကို အချိန်မရွေး လက်လွှတ်ရဖွယ် ရှိနေသည်။ ထို့ကြောင့် လီဗာပူးနည်းပြ ရှိုင်းဟော့ဒ်ဆန်သည် အက်သလက်တီကိုအသင်းမှ ဥရုဂွေးတိုက်စစ်မှူး ဒီယေဂိုဖော်လန်ကို ခေါ်ယူရန် အဓိကပစ်မှတ်ထားလာခဲ့သည်။ ဒီယေဂိုဖော်လန်၏ ပြောင်းရွှေ့ကြေးမှာ ပေါင် ၁၅ သန်းခန့် ဖြစ်ဖွယ်ရာရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ဒီယေဂိုဖော်လန်သည် မန်ယူအသင်းမှ ထွက်ခွာသွားခဲ့ပြီးနောက် အက်သလက်တီကိုအသင်းတွင် ခြေစွမ်းပြနိုင်ခဲ့သလို ၂၀၁၀ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင်လည်း ဥရုဂွေးအသင်းနှင့်အတူ ခြေစွမ်းပြကစားကာ ရွှေဘောလုံးဆုကို ရရှိခဲ့သူဖြစ်သည်။

အင်တာနက်။

ဝင်းတင်
(ကြေးမုံ)







စပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနား တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုး တက်ရောက်

နေပြည်တော် ဇူလိုင် ၂၆

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုးသည် ဇူလိုင် ၁၆ရက် နံနက်ပိုင်းတွင် ကျိုင်းတုံမြို့နယ် မိုင်းဇင်းကျေးရွာအုပ်စု၌ ကျင်းပသော မိုးစပါး စပေါင်းထွန်ယက်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်ရာ ရှေးဦးစွာ တာဝန်ရှိသူတစ်ဦးက ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်း မိုးစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေများနှင့် စပေါင်းထွန်ယက်စိုက်ပျိုးပွဲ ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးသည် ဒေသခံတောင်သူများ စပေါင်းထွန်ယက်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး တက်ရောက်လာကြသည့် ကျေးလက်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ကျိုင်းတုံမြို့ အထွေထွေရောဂါကုဆေးရုံ၌ ကျင်းပသည့် စပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်၍ အထိမ်းအမှတ်သစ်ပင်ကို စိုက်ပျိုးပေးကာ ဆေးရုံဝန်ထမ်းများစုပေါင်း သစ်ပင်စိုက်ပျိုးမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

- ကြည့်ရှုအားပေး -

ဆက်လက်၍ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း၌ ကျင်းပသည့် စပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်ပြီး အထိမ်းအမှတ်သစ်ပင် စိုက်ပျိုးပေးကာ နည်းပြများ၊ သင်တန်းသူများ၏ စပေါင်းသစ်ပင်စိုက်ပျိုးမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

ပုဏ္ဏားကျွန်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေး ကျင်းပ

ရန်ကုန် ဇူလိုင် ၂၆

ပုဏ္ဏားကျွန်းမြို့နယ်အသင်း(ရန်ကုန်)၏ ဒသမအကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ ပညာရည်ချွန်ဆုပေးပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ဆဋ္ဌမအကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲအခမ်းအနားကို ဇူလိုင် ၁၈ ရက်က တာမွေမြို့နယ် တာမွေလေးရပ်ကွက် ဦးဘကျော်လမ်းရှိ စတုဘုမ္မိကကျောင်းတိုက်၌ ကျင်းပရာ အသင်းနာယက ဦးစံလှအောင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ဥက္ကဋ္ဌ ဦးသကြ်န်အောင်က အမှာစကားပြောကြားသည်။

ထို့နောက် အသင်းဝင် သက်ကြီး အဘိုး၊ အဘွားများအား လှူဖွယ်ပစ္စည်းများဖြင့် စုပေါင်းပူဇော်ကန်တော့ကြပြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲကျင်းပရာ နာယက ဦးရွှေလှက ခြောက်ဘာသာဂုဏ်ထူးရှင် မောင်နိုင်ထူးလင်းအား ဆုချီးမြှင့်ခဲ့ကြောင်းသိရသည်။

(ယာပုံ) (ကြေးမုံ)

မာန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အဖွဲ့ဝန်ထမ်းများ မိုးရာသီပန်းအလှပင်နှင့် အရိပ်ရပင်များ စိုက်ပျိုးနေမှုကို အမှုဆောင်အရာရှိ ဦးဦးစောထွန်းနှင့် အငယ်တန်းအင်ဂျင်နီယာ-၂(မြို့ပြ) ဦးတင်အောင်ခန့်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

UMFCCI သင်တန်းကျောင်း၌ သင်တန်းများ ဖွင့်လှစ်ပို့ချမည်

ရန်ကုန် ဇူလိုင် ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ UMFCCI Training Institute သည် အသင်းသားများ၊ အသင်းဝင်ကုမ္ပဏီများမှ ဝန်ထမ်းများ၊ ညီနောင်အသင်းအဖွဲ့များ၊ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး လုပ်ငန်းခွင်ဝင်မည့်သူများနှင့် လုပ်ငန်းခွင်များမှ ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် လုပ်ငန်းစွမ်းဆောင်ရည်တိုးတက်မြင့်မားရေးတို့ကို ရည်ရွယ်လျက် လုပ်ငန်းခွင်တွင် လက်တွေ့အသုံးပြုရန် အဓိကလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် Certificate Course for Practical Approach to International Trade Course Batch-1 သင်တန်း၊ Japanese Language Batch-1[Basic Japanese I(N5), Basic Japanese II(N4) and Intermediate Japanese(Grammar and Kanji)(N3)]သင်တန်းများကို ဩဂုတ် ၁၄ ရက်မှ စတင်ဖွင့်လှစ်မည်ဖြစ်၍ သင်တန်းဝင်ခွင့် လျှောက်လွှာများကို လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ်(၂၉)ရှိ UMFCCI Training Institute ၌ ရယူ၍ ဩဂုတ် ၁၀ရက်(အင်္ဂါနေ့)အတွင်း တင်သွင်းနိုင်ကြောင်းနှင့် ဖုန်း-၂၁၄၃၄၄ နှင့် ၂၁၇၄၈၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။

(ကြေးမုံ)

နေပြည်တော်မြန်မာ့အသံရေဒီယိုအစီအစဉ်

(အင်္ဂါနေ့-နံနက်-နေ့လယ်-ည)

၂၇-၇-၂၀၁၀ (အင်္ဂါနေ့)

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅	တရားတော် (ရတနသုတ်) ဓမ္မပူဇာတေး
၇း၃၀	(၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန်+သတင်း
၈း၁၀	နံနက်ခင်းတေးပဒေသာ
၈း၃၀	ပြောပါရစေရှင် (မန်ကျည်းစေ့ကလေးများ)
၈း၄၀	တေးပဒေသာ
၁၀း၀၀	မွေးနေ့လက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	တေးပဒေသာ
၁၀း၄၅	ခံတွင်းမြိန်စရာ သူ့လက်ရာ (ခရမ်းချဉ်သီးပန်ထွေဖျော်နဲ့ ငါးပိကောင်ကြော်) တေးသီချင်း
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၁း၂၅	Talk on line (ခင်ဘုဏ်း)
၁၁း၅၀	တေးပဒေသာ
၁၂း၀၀	စံတော်ချိန် Current Song
၁၂း၄၀	တေးပဒေသာ ပြိုးပဒေသာ
၁း၀၀	မွန်းလွဲပိုင်းသတင်း
၁း၁၀	ပညာရေးအစီအစဉ် (ပဉ္စမတန်း-ပထဝီဝင်) တေးပဒေသာ
၁း၃၀	အစီအစဉ်ပြီး၏။
၄း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၃၀	သောတရှင်လိုရာတေး
၅း၀၀	မေတ္တာတွက်တာ အလှကမ္ဘာ (ဝသုန်ချိန်ခါသတိပြုရမည့် အချက်များ)
၅း၁၀	တေးပဒေသာ
၅း၂၅	သတင်းစာဆောင်းပါး
၅း၃၀	ညနေခင်းတေးပဒေသာ
၅း၄၅	ထူးဆန်းထွေလာ၍မြေကမ္ဘာ အမှတ်စဉ်(၅၀)
၆း၀၀	ညနေခင်းသတင်း
၆း၁၀	ညနေခင်းတေးပဒေသာ
၆း၃၀	စာအုပ်စာပေလူ့မိတ်ဆွေ ငြိမ်းချမ်းသူတို့ (အရှင်ဝိမလာဘိဝံသ-မဟာမြိုင်)
၆း၄၅	ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၇း၀၀	နိုင်ငံတကာသတင်း
၇း၁၀	ဇာတ်လမ်းပမာနားဆင်စရာ (သံလွင်သက်သေ)
၇း၃၀	တေးပဒေသာ နိုင်ငံရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၈း၀၀	ပြည်တွင်းသတင်း
၈း၂၀	တေးစီးရီး (ဆယ်စုနှစ် ရာစုနှစ်-အင်းရှည်) စီးပွားရေးဦးတည်ချက်
၉း၀၀	ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါ တေးပဒေသာ
၁၀း၀၀	အစီအစဉ်ပြီး၏။

မွန်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ကွင်းဆင်းဟောပြော

နေပြည်တော် ဇူလိုင် ၂၆

မွန်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းလွင်နှင့်အဖွဲ့ဝင်များနှင့် မော်လမြိုင်ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်ဆွေတို့သည် ဇူလိုင် ၂၁ရက်တွင် မော်လမြိုင်ခရိုင် သံဖြူဇရပ်မြို့နယ် ကျိုက္ကဒတ်စံပြကျေးရွာသို့ သွားရောက်၍ ကျိုက္ကဒတ် အခြေခံပညာအထက်တန်းကျောင်း၌ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုမရှိစေရေးအတွက် ကျန်းမာရေး အသိပညာပေးဟောပြောကြသည်။ အဆိုပါဟောပြောပွဲတွင် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး သံဖြူဇရပ်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ဆရာဝန် ဒေါက်တာအောင်ထူးက သွေးလွန်တုပ်ကွေးရောဂါနှင့်စပ်လျဉ်း၍ အသိပညာပေးဟောပြောခြင်း၊ ခြင်ထောင်ဆေးစိမ်နည်း လက်တွေ့သရုပ်ပြခြင်း၊ ဆေးစိမ်ခြင်ထောင်နှင့် ဆေးပြားများလှူဒါန်းခြင်း၊အိုင်အိုဒင်းဆားများနှင့် ကျန်းမာရေးလက်ကမ်းစာစောင်များဝေငှခြင်းတို့ကို ဆောင်ရွက်ကြသည်။ အခမ်းအနားသို့ ကျောင်းသူများနှင့် ပြည်သူအင်အား ၄၅၅ဦး တက်ရောက်ကြသည်။

ထို့နောက် ကျိုက္ကဒတ်ကျေးရွာအတွင်း နေအိမ်များ၌ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ခြင်ဆေးဖျန်းရာတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အလယ်တန်းကျောင်းခွဲဖွင့်

တောင်ငူ ဇူလိုင် ၂၅

တောင်ငူမြို့နယ် ကွမ်းပင်ကျေးရွာအုပ်စု ကျောက်အုံးကြီးကျေးရွာ အလယ်တန်းကျောင်းခွဲ ဖွင့်ပွဲအခမ်းအနားကို ကျောင်းအစည်းအဝေးခန်းမ၌ ဧပြီ ၄ ရက်က ကျင်းပသည်။ အဆိုပါအခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစိုးမင်းနှင့် ခရိုင်ပညာရေးမှူး ဦးကျင်ဆိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ခရိုင်ပညာရေးမှူး ဦးကျင်ဆိုင်က ကျောင်းခွဲဖွင့်လှစ်ထားရှိမှု၊ ကျောင်းဆောင်တိုးချဲ့ တည်ဆောက်ထားရှိမှုအခြေအနေတို့ကို လည်းကောင်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်မာက ကျောင်းသားအင်အား၊ ကျောင်းသမိုင်းကြောင်းတို့ကို လည်းကောင်း ရှင်းလင်းပြောကြားသည်။

(ခရိုင်ပြန်/ဆက်)

ကွယ်လွန်သူ ဦးသိန်းအောင်အား ရည်စူး၍ ကွမ်းရွဲတန်းလမ်း ကြည့်မြင်တိုင်မြို့နယ်နေ မိခင်ကြီး ဒေါ်ဝိုင်းအား အမှူးထား၍ အမေရိကန်နိုင်ငံရောက် မသန္တာခင်၏မွေးနေ့ အထိမ်းအမှတ်အဖြစ် လေးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

သတင်းစာကိုယ်စားလှယ် လျှောက်ထားနိုင်

The New Light Of Myanmar သတင်းစာဖတ်ပရိသတ်များ၏ဆန္ဒကို ပိုမိုဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်၍ သတင်းစာစောင်ရေများ တိုးတက်ထုတ်ဝေပေးသွားမည်ဖြစ်ပါသည်။ သတင်းစာများ ပိုမိုဖြန့်ချိနိုင်ရေးအတွက် သတင်းစာကိုယ်စားလှယ်အဖြစ် ဆောင်ရွက်လိုသူများ-

The New Light Of Myanmar သတင်းစာတိုက်
ဖုန်းအမှတ် ၀၁-၃၉၂၂၂၆
၀၁-၃၉၂၃၀၄ သို့ ဆက်သွယ်နိုင်ပါသည်။

ကျိုက်မရောမြို့နယ်အသင်း(ရန်ကုန်)
အငှမအကြိမ်မြောက်ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် စုပေါင်းအလှူ

ကျိုက်မရောမြို့နယ်အသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် အသက်(၇၅)နှစ်နှင့်အထက် ရန်ကုန်ရှိ ကျိုက်မရောမြို့နယ်သူ မြို့နယ်သားများ၏ သက်ကြီးပူဇော်ပွဲကို ၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လ ၈ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် မွန်ပရိယတ္တိစာသင်တိုက်(ဗိုလ်တထောင်ဘုရားအနီး)၌ ကျင်းပမည်ဖြစ်ပါ၍ အသင်းသူအသင်းသားများ၊ မြို့နယ်သူမြို့နယ်သားများ တက်ရောက်ကြပါရန်နှင့် ကန်တော့ခံသက်ကြီးပုဂ္ဂိုလ်များ၏ အမည်စာရင်းနှင့် လှူဒါန်းလိုသူများသည် ဦးရဲမြင့် ဖုန်း- ၀၉၅၅၀၆၁၀၉၊ ဦးသောင်းညွန့် ဖုန်း-၅၅၅၆၅၁၊ ဦးခင်အောင် ဖုန်း-၀၉၈၆၂၇၄၂၂၊ ဒေါ်ကင်အေး(ခ)ဒေါ်အမီး ဖုန်း-၇၃၀၁၇၅၇၆ တို့သို့ထံ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း။ **အမှုဆောင်အဖွဲ့**

ယာဉ်စည်းကမ်း အသိပညာပေး ဟောပြောပွဲ ညောင်လေးပင်၌ ကျင်းပ

ညောင်လေးပင် ဇူလိုင် ၂၅

ပဲခူးတိုင်း ညောင်လေးပင်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲအခမ်းအနားကို ဇူလိုင် ၁၆ ရက် မွန်းလွဲပိုင်းက အဆိုပါကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းနွဲ့ရီ **(အောက်ပုံ)**နှင့် ဒုတိယရဲအုပ်ကျော်ကျော်ဝင်းတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်၍ အကျယ်တဝင့် ဟောပြောခဲ့ကြကြောင်း သိရသည်။

(ကြေးမုံ)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
ရုံးအမှတ်(၃၄)၊ နေပြည်တော်
စိစစ်ရေးမှူး-၂ ရာထူး လူတွေ့စစ်ဆေးခြင်း ဖြေဆိုရန် အကြောင်းကြားခြင်း

၁။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန(နေပြည်တော်)တွင် လစ်လပ်လျက်ရှိသော စိစစ်ရေးမှူး-၂ (လစာနှုန်းကျပ်-၅၉၀၀၀-၁၀၀၀-၆၄၀၀၀) ရာထူးနေရာများအတွက် ရေးဖြေစာမေးပွဲကို ၁၂-၆-၂၀၁၀ ရက်တွင် ကျင်းပခဲ့ပြီးဖြစ်ပါသည်။

၂။ အဆိုပါ ရေးဖြေစာမေးပွဲ ဝင်ရောက်ဖြေဆိုသူများအနက် လူတွေ့စစ်ဆေးခြင်း ဝင်ရောက်ဖြေဆိုရန် ရွေးချယ်ခံရသူများအား လူတွေ့စစ်ဆေးခြင်းကို ၉-၈-၂၀၁၀ရက်(တနင်္လာနေ့)နှင့် ၁၀-၈-၂၀၁၀ရက် (အင်္ဂါနေ့)များတွင် နံနက် ၉ နာရီမှ စတင်ကျင်းပမည်ဖြစ်၍ ဤဌာနတည်ရှိရာ ရုံးအမှတ်(၃၄)၊ နေပြည်တော်သို့ မပျက်မကွက် လာရောက်ဖြေဆိုရန် အကြောင်းကြားအပ်ပါသည်။

၃။ လူတွေ့စစ်ဆေးခြင်း လာရောက်ဖြေဆိုရန် ရွေးချယ်ခံရသည့် ခုံအမှတ်များနှင့် ဖြေဆိုရမည့်နေ့ရက်များမှာ အောက်ပါအတိုင်းဖြစ်ပြီး စုံစမ်းမေးမြန်းနိုင်သည့် ဖုန်းအမှတ်များမှာ ၀၆၇-၄၁၀၃၀၉၊ ၀၆၇-၄၁၀၄၅၃၊ ၀၆၇-၄၁၀၄၅၆ တို့ဖြစ်ပါသည်။

လူတွေ့ဖြေဆိုရမည့်နေ့ရက် ၉-၈-၂၀၁၀		
ရသ- ၁	ရသ- ၃၇	ရသ- ၈၈
ရသ- ၄	ရသ- ၃၈	ရသ- ၈၉
ရသ- ၅	ရသ- ၄၁	ရသ- ၉၀
ရသ- ၆	ရသ- ၄၇	ရသ- ၉၁
ရသ- ၇	ရသ- ၅၀	ရသ- ၉၄
ရသ- ၉	ရသ- ၅၁	ရသ- ၉၅
ရသ- ၁၃	ရသ- ၅၂	ရသ- ၉၉
ရသ- ၁၅	ရသ- ၅၆	ရသ- ၁၀၀
ရသ- ၁၆	ရသ- ၅၇	ရသ- ၁၀၃
ရသ- ၁၇	ရသ- ၅၈	ရသ- ၁၀၅
ရသ- ၁၉	ရသ- ၅၉	ရသ- ၁၀၆
ရသ- ၂၀	ရသ- ၆၀	ရသ- ၁၀၇
ရသ- ၂၁	ရသ- ၆၁	ရသ- ၁၀၉
ရသ- ၂၅	ရသ- ၆၃	ရသ- ၁၁၄
ရသ- ၂၆	ရသ- ၆၄	ရသ- ၁၁၅
ရသ- ၂၉	ရသ- ၆၈	ရသ- ၁၁၇
ရသ- ၃၀	ရသ- ၇၄	ရသ- ၁၁၈
ရသ- ၃၂	ရသ- ၇၇	ရသ- ၁၂၃
ရသ- ၃၃	ရသ- ၈၁	ရသ- ၁၂၆
ရသ- ၃၄	ရသ- ၈၇	ရသ- ၁၂၉

လူတွေ့ဖြေဆိုရမည့်နေ့ရက် ၁၀-၈-၂၀၁၀		
ရသ- ၁၃၀	ရသ- ၁၇၆	ရသ- ၂၃၄
ရသ- ၁၃၂	ရသ- ၁၇၇	ရသ- ၂၃၆
ရသ- ၁၃၃	ရသ- ၁၈၀	ရသ- ၂၃၈
ရသ- ၁၃၄	ရသ- ၁၈၂	ရသ- ၂၄၁
ရသ- ၁၃၆	ရသ- ၁၈၄	ရသ- ၂၄၂
ရသ- ၁၃၉	ရသ- ၁၉၀	ရသ- ၂၄၉
ရသ- ၁၄၀	ရသ- ၁၉၁	ရသ- ၂၅၁
ရသ- ၁၄၁	ရသ- ၁၉၂	ရသ- ၂၅၂
ရသ- ၁၄၂	ရသ- ၁၉၅	ရသ- ၂၅၅
ရသ- ၁၄၃	ရသ- ၁၉၇	ရသ- ၂၅၉
ရသ- ၁၄၅	ရသ- ၁၉၈	
ရသ- ၁၄၆	ရသ- ၁၉၉	
ရသ- ၁၄၇	ရသ- ၂၀၀	
ရသ- ၁၅၂	ရသ- ၂၀၅	
ရသ- ၁၅၆	ရသ- ၂၀၈	
ရသ- ၁၅၈	ရသ- ၂၁၃	
ရသ- ၁၆၉	ရသ- ၂၁၉	
ရသ- ၁၇၀	ရသ- ၂၂၄	
ရသ- ၁၇၃	ရသ- ၂၂၆	
ရသ- ၁၇၄	ရသ- ၂၂၈	

အထက(၃)ပန်းဘဲတန်း အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၆

အထက(၃)ပန်းဘဲတန်း ရန်ကုန်တွင် ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူဟောင်းများ တွေ့ဆုံပွဲနှင့် ဆရာ၊ ဆရာမများအား မြတ်ဆရာကန်တော့ပွဲ ကျင်းပနိုင်ရန် ဩဂုတ် ၁ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အမှတ်(၆၄) ကုဿသယလမ်း ကျောက်မြောင်း တာမွေမြို့နယ် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ရာ ဦးစိုးတင့် ဖုန်း-၀၉-၅၀၀၃၅၁၀၊ ဦးညီညီဦး ဖုန်း-၀၉-၅၀၉၈၅၁၈၊ ၃၈၅၅၁၀၊ ၂၉၆၀၀၆နှင့် ဦးကိုကိုနိုင် ဖုန်း-၀၉-၅၁၃၇၈၆၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

နွေစပါးရိတ်သိမ်းချိန်လွန်နည်းပညာ လက်တွေ့သရုပ်ပြ

ပြည် ဇူလိုင် ၂၅

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့နယ် တွင်းပြည်းကျေးရွာ၌ နွေစပါးရိတ်သိမ်းချိန်လွန်နည်းပညာ လက်တွေ့သရုပ်ပြပွဲအခမ်းအနားကို ဇူလိုင် ၆ ရက်က တွင်းပြည်းကျေးရွာမှ တောင်သူ ဦးတင်ကိုဦး၏ နွေစပါးစိုက်ခင်း၌ ကျင်းပရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း(ရုံးချုပ်)မှ ဒုတိယအထွေထွေမန်နေဂျာ ဒေါက်တာခင်မောင်သက် ဦးဆောင်၍ သီးနှံကာကွယ်ရေးဌာနခွဲမန်နေဂျာ ဒေါ်အေးအေးမာနှင့် မြေအသုံးချရေးဌာနခွဲ လက်ထောက်မန်နေဂျာ ဒေါ်လှဲ့လှဲ့ထွေးတို့က ကျေးရွာအုပ်စုနှင့် အနီးဝန်းကျင်မှ တောင်သူများအား လက်တွေ့ပညာပေး သရုပ်ပြဆောင်ရွက်ခဲ့ကြပြီး တောင်သူများ၏ မေးမြန်းချက်များကို အဖွဲ့ခေါင်းဆောင် ဒေါက်တာခင်မောင်သက်က ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

(တိုင်းပြန်/ဆက်)

ကလောမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ ရက်က ကလောမြို့ အခြေခံပညာ အထက်တန်းကျောင်း တေဇခန်းမ၌ ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မို့မို့ထွန်း ၂၀၀၉ - ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်ကျောင်းသူတစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(မြို့နယ်ပြန်/ဆက်)

တမန်းဒူးဆည်မှ မြေပုံမြို့နယ် ကမ်းထောင်ကြီး ကျေးရွာသို့ ရေပေးဝေနိုင်ရန် ရေပိုက်လိုင်းများ တူးဖော်သွယ်တန်းနိုင်ရေးအတွက် ဇွန် ၂၆ ရက်က မြေပုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းထွန်း ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြို့နယ်
သတင်းများ



ရပ်စောက်မြို့မဈေးအတွင်းရှိ ဈေးမီးဘေး လုံခြုံရေးအတွက် မြို့မဈေးကြီးတစ်ခုလုံးသို့ ရေဖြန့်ဝေခြင်းနှင့် မီးငြိမ်းသတ်နိုင်ရေး အဆင်သင့် ရေလှောင်ကန်ထားရှိမှု၊ လျှပ်စစ်မီးများ စနစ်တကျသွယ်တန်းထားရှိမှု ရှိ၊ မရှိတို့ကို ရှမ်းပြည်နယ် (တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ

ချောင်းဆုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများအတွင်း ဈေးမီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိစေရန် ဇွန် ၂၅ ရက်က ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနို ဦးဆောင်သောအဖွဲ့ စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးရဲဝင်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

- ❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- ❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- ❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - ရန်တိုက်ပေးနေသည်။
- ☆ RFA, DVB - သွေးထိုးနေသည်။
- ☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

ကမ္ဘာ့ဈေးအချိုဆုံး လက်ပ်တော့ကွန်ပျူတာ အိန္ဒိယသိပ္ပံပညာရှင်များ တီထွင်ထုတ်လုပ်



နယူးဒေလီ ဇူလိုင် ၂၆

ကမ္ဘာပေါ်တွင် ဈေးအချိုဆုံး လက်ပ်တော့ကွန်ပျူတာတစ်မျိုးကို အိန္ဒိယသိပ္ပံပညာရှင်များက တီထွင်ထုတ်လုပ်ထားကြောင်း၊ ယင်းကွန်ပျူတာကို လာမည့်နှစ်မှစ၍ ထုတ်လုပ်ရောင်းချနိုင်မည်ဟု မျှော်လင့်ရကြောင်း "စီးပွားရေးစံတော်ချိန်" အမည်ရှိ သတင်းစာက ဇူလိုင် ၂၆ ရက်တွင် ရေးသားဖော်ပြသည်။

အဆိုပါ ကွန်ပျူတာသည် Linux ကွန်ပျူတာလည်ပတ်ရေးစနစ် အသုံးပြုသည်။ ကမ္ဘာပေါ်တွင် ဈေးအချိုဆုံး လက်ပ်တော့ကွန်ပျူတာ၏ ပုံသဏ္ဌာန်မှာ အိုင်ပက်ဒ်ကွန်ပျူတာကဲ့သို့ အပြားပုံသဏ္ဌာန်ဖြစ်ပြီး ကွန်ပျူတာ၏တန်ဖိုးမှာ ၃၅ ဒေါ်လာမျှသာ ရှိသည်ဆို၏။

စာစီခြင်း၊ အင်တာနက်ကြည့်ရှုခြင်း၊ ဗီဒီယိုနှင့် အော်ဒီယိုထုတ်လွှင့်ခြင်းမှတစ်ဆင့် တွေ့ဆုံဆွေးနွေးခြင်း **စာမျက်နှာ ၇ ကော်လံ ၁ သို့**❖

အိန္ဒိယသိပ္ပံပညာရှင်များ တီထွင်ထုတ်လုပ်ထားသော နေရောင်ခြည်စွမ်းအင်သုံး လက်ပ်တော့ကွန်ပျူတာကို တွေ့ရစဉ်။
(အပေါ်ပုံ) (ဓာတ်ပုံ-အင်တာနက်)

အင်တာနက်အိုင်တီနည်းပညာသတင်း
ဘာသာပြန် - ရောမောင်

ဘင်္ဂလားပင်လယ်အော်ရှိ လေဖိအားနည်းရပ်ဝန်း အားပျော့ပျက်ပြယ်

နေပြည်တော် ဇူလိုင် ၂၆

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အားပျော့ပျက်ပြယ်သွားပြီဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ရေစကြိုမြို့နယ်၌ ပဲတီစိမ်းများအထွက်တိုး

ရေစကြို ဇူလိုင် ၂၆

မကွေးတိုင်း ရေစကြိုမြို့နယ်တွင် ပဲတီစိမ်းစိုက်ပျိုးမှု အခြေအနေများ ကောင်းမွန်လျက်ရှိပြီး မိုးပဲတီစိမ်း ၂၀၅၁၅ ဧက စိုက်ပျိုးနိုင်ခဲ့သောကြောင့် ယခုနှစ်တွင် ထူးထူးခြားခြား ပဲတီစိမ်းဈေးများ ကောင်းလာပြီး**(အပေါ်ပုံ)** တောင်သူများ ဝင်ငွေတိုးလျက်ရှိကြောင်း သိရသည်။

(သတင်း-ဖေထွက်ဇော်-ရေစကြို)